# မော်ဒန်အနုပညာဖန်တီးမှု

ဂန္ထဝင်ကကြိုးနန့်မော်ဒန်ကုထုံး

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ပုံနှိပ်မှတ်တမ်း

စာရေးသူ ကျား/မ ကလောင်သျှင် (၂၂) ယောက်
စီစိုင်သူ (ဝံသ)
မျက်နှာဖုံးဒီဇိုင်း (ဆရာကျော်- ရခိုင်ပြည်သား)

# မာတိကာ

(က) ကျေးဇူးစကား ဆရာကျော်(ရခိုင်ပြည်သား)

၁။ ဆရာကျော်(ရခိုင်ပြည်သား)
(က) နိမ့်ဝင်နီရေ ကမ္ဘာတခြမ်း ၁၀
(ခ) မင်းကွန်း(သို့)ရင်ကွဲမှတ်တိုင် ၁၄
(ဂ) အိုးမဲ့ အိမ်မဲ့ စက္ကူဖြူတိ ၁၇
(ဃ) ပင်လယ်လှိုင်း ၁၉
၂။ လှ္ဘာထုတ်ကေ (လဝန်းနီ)
(က) နှင်းပယောဂ ၂၀
(ခ) လမ်းမကြီးတခုဘေးမာ ထိုင်မိခြင်း ၂၂
(ဂ) ညည့်သီတကောင်နှ မာယာ ၂၅
(ဃ) jun နှသားကောင် ၂၈
၃။ မေထွီးသျှင် (ကျိန်းရိပ်မြို)
(က) နှစ်သိမ့်ခြင်းသံသရာ ၃၁
(ခ) ဆန္ဒ ၃၂
(ဂ) ဘနန့် ဝကို ပေါင်းကြည့်ခြင်း ၃၄
(ဃ) ညီမျှခြင်းနှ အခြားတဖက် ၃၅

၄။ ဇိဇင်း
(က) မြက်ခြောက်တမျှင်နှ ဥတုရသမ် ၃၆
(ခ) အသဲကွဲမာရီယာနာ (၂) ၃၈
(ဂ) မြောက်ဦး နန့် ချစ်သူ ၄၀
(ဃ) သဇင်ဖြူ ၄၁
၅။ စိုးနိုင် (ပုလဲမြို)
(က) နွယ် (၁) ၄၅
(ခ) နွယ် (၂) ၄၆
(ဂ) မှန်နီရေ ငါ့ အမှား ၄၇
(ဃ) ဇရာအိုကေလေ့ အဘာမငိုကေ့ ၄၉
၆။ နောင်ရိုး(Aryan)
(က) အမိသား ၅၁
(ခ) ကျနော်နန့် သူမနှ အပိုင်းအစများ ၅၃
(ဂ) ကန္တာရထဲက ငှက်တကောင်နှ စိတ္တဇဒဏ်ရာ ၅၅
(ဃ) မြို့ဟောင်းအယ်လ်ဘမ် ၅၇
၇။ မြတ်သဇင်
(က) အဘာဆိုသော ရင်ခွင်ရထား ၅၉
(ခ) အမင့်အတွက် ကဗျာ ၆၁
(ဂ) ညည့်ငိုသံ ၆၃
(ဃ) မင်းသိဖို့ကောင်းရေ ကဗျာ ၆၈
၈။ သားထွီး (ရိုးလူ)
(က) ဒြီလှမ်းသစ်မာ နီသားမကျခြင်း ၇၀
(ခ) ရှင့်စိုင်လားရေ ဘဝများ ၇၂
(ဂ) ပျေင်းထွီ ကဗျာ ၇၄
(ဃ) မြင့်မိုရ်ထက်က လူ ၇၅
၉။ ခိုင်ရိုးလ

## မော်ဒန်အနုပညာဖန်တီးမှု


(က) သုညတလုံးရာဇဝင် ၇၇
(ခ) မြှုံး ၇၉
(ဂ) အစွတ်ဖတ်ဖတ် နီတစင်း(အဘာ) ၈၂
(ဃ) နှီပြခန်း ၈၄
၁၀။ ခိုင်ရှီးမ (သုခုမ)
(က) သွီးရိပ်စိုင်ရှိ့နှ ရာသီပြိုး ၈၅
(ခ) ခါးသက်တေ တိုင်းရင်းသား ၈၇
(ဂ) ‘‘ရီဟာဇယ်’’မဟိရေ ရွှတ်မြောက်မှု ၈၉
(ဃ) ဖြီးဒင်း ၉၁
၁၁။ ဂျွန်မိုးစက်သျှေ (စစ်တွေ)
(က) သုညပျောက်လားခရေ တန်ဖိုး ၉၂
(ခ) ညှိလို့မရနိုင်သော . . .! ၉၄
(ဂ) ရင်ကွဲနက္ခတ် ၉၅
(ဃ) ဇာတ်နာ ၉၇
၁၂။ ခိုင်စံအောင် (အဝကန်)
(က) ရင်ဘတ်ထဲမာ စီးရေမြစ် ၉၉
(ခ) သစ္စာခံမြို့ ၁၀၁
(ဂ) သမိုင်းတခေတ်နှ သူရဲကောင်း ၁၀၃
(ဃ) အကျွန် နန့် သူမနှ ပက္ခဒိန် ၁၀၅
၁၃။ မင်းမဟာ(ဝေသာလီ)
(က) ကဝေပျိုနှ မာယာ virus ၁၀၇
(ခ) အိမ်ဝီးငှက်ရှိ့နှ သမိုင်းတိုင်ကြားက အနာ ၁၀၉
(ဂ) နှင်းရိုင်း ၁၁၁
(ဃ) အနားညီ နှလုံးသားများ ၁၁၃
၁၄။ ခိုင်မျိုးလင်း (မြို့ဟောင်း)
(က) အဖရင်ခွင် ၁၁၅

(ခ) အသျှင်သို့ တိုင်တည်ခြင်း ၁၁၆
(ဂ) ဘဝအက်ဆေး ၁၁၈
(ဃ) လရောင်တမ်းခြမ်း ၁၁၉
၁၅။ ရာမောင်သဇင် (ရာမောင်မြို)
(က) အလွမ်းနှံ့သင်းသော မှင်စက်အချို့ ၁၂၀
(ခ) မိုးဝသန်သို့ တောင်းပန်ခြင်း ၁၂၂
(ဂ) ငယ်ကျွမ်းဆွေ သို့ ၁၂၄
(ဃ) ပင်အို အလွမ်း ၁၂၅
၁၆။ခိုင်မျိုးသန့်(နဂါးမောက်)
(က) ငယ်ဘဝကို ပြန်လှန်ကြည့်မိခြင်း (အက်ဆေး) ၁၂၆
(ခ) Album Notes ၁၃၀
(ဂ) နိုင်ငံခြားရောက် ချစ်သူ ၁၃၂
(ဃ) အချစ်ဦး (၃) ၁၃၅
၁၇။ သျှင်ထွီး (ယိုးမြို)
(က) ဆုံမှတ် ၁၃၆
(ခ) စက္ကန့်ပျို့ ရင်ခုန်နှုန်း အလွမ်းတရားခံ ၁၃၈
(ဂ) သဇင်ချေသို့ မှာတမ်း ၁၄၀
(ဃ) စိတ်နန့်ကိုယ် ဥပေက္ခာပြုထားသော အရပ် ၁၄၂
၁၈။ စံလင်း(ဦးရာဇ်မြို)
(က) အတ္တကဗျာ ၁၄၄
(ခ) ငါ့အမှား ၁၄၆
(ဂ) အသုံးတော်ခံ ၁၄၈
(ဃ) ဘဝဇမာယာ ၁၅၀
၁၉။ ရိုးလှသန္တာ(ကျိန်းရိပ်မြို)
(က) အရှိအလယ်ပိုင်းက အိုအေစစ်(သို့) ယူအေအီး ၁၅၂
(ခ) ကန္တာရနိရက်တိဋ္ဌမှတ်တမ်း ၁၅၅

(ဂ) နီရင်ခွင်ပါးတို့ ၁၅၇

(ဃ) မျက်ရည်ငှီကာ ၁၅၉

၂၀။ အာကာညိုတင့်(ကံဒိုင်းမြီ)

(က) အီးယောင်အတွက် လွမ်းခြင်းကဗျာ ၁၆၁

(ခ) လွမ်းရိပ်မကျို ကံဒိုင်းမြီ ၁၆၃

(ဂ) ပင်နိမ့်သဇင် တခက်သို့ ၁၆၅

(ဃ) မဲကျီမချေသို့ တမ်းခြင်း ၁၆၆

၂၁။ ဟေမန်ခိုင် (တိမ်ညို)

(က) နှလုံးသား လမ်းအို ၁၆၇

(ခ) နှီညည့်ပုံပြင် ၁၆၉

(ဂ) ကျင်လည်ခြင်း ၁၇၁

(ဃ) အခွံ ၁၇၂

၂၂။ ဝံသ

(က) ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး ၁၇၄

(ခ) သီဝရီ ၁၇၇

(ဂ) မိသားစု . . . . (၅) ၁၈၀

(ဃ) ဒေါင်းရာဇဝင်တဖက်က ပစ္စုပ္ပန်/ငါ ၁၈၇

## ကျေးဇုစကား

အမှန်က ကျေးဇုဆိုစွာရေ စကားလုံးတခုထက် အနှစ်သာရ ပိုလွန်းပါရေ။ လူ့အသိစိတ်ထဲက လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ် လာရေ ခံစားချက်တခုရာ ဖြစ်ပါရေ။ ကျေးဇုဟိခြင်းရေ စိတ်ခံစားမှုကောင်းကို လက်တွိလုပ်ဆောင်ပီးခြင်း ဖြစ်တေပိုင်၊ကျေးဇုသိခြင်းဆိုစွာကလေ့ လက်တွိပီးဆပ်ရရေ အလုပ် လို့ယုံ ကြည်ပါရေ။ ယေကေလေ့ အကျွန်ရို့ငှ စိတ်ခံစားမှုကို သက်ဆိုင်ရေလူတိ သိနိုင်စီဖို့အတွက် ဖော်ပြရရေခါ စကားလုံးအဖြစ်နန့် ဆက်သွယ်ဖော်ပြဖို့ လိုအပ်လာပါရေ။ ယေခါ ကျေးဇုဆိုရေစာလုံးကို ကြားခံအဖြစ် အသုံးပြုဖို့ ဖြစ်လာပါရေ။

အမှန်စင်စစ် ဒေစကားစုရေ အကျွန်ရို့ ကဗျာရီးသူ ညီအစ်ကို မောင်နှမရို့ငှ အသိစိတ်ထဲက လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာရေ ခံစားချက်တိရာ ဖြစ်ပါရေ။
ကျေးဇုတင်ပါရေ အဖပြည်။ ဒေကမ္ဘာမြီပြင်ထက်မာ ရခိုင်ရို့အတွက် နီထိုင်ရာ နီရာ၊ ရခိုင်ဆိုရေလူမျိုး၊ ဒေလူမျိုးအတွက် ကိုးကွယ်ရာ၊ ပြောဆိုရာဘာသာစကား အနာဂတ်သို့ ဆက်လားဖို့ စာပီ၊ ကဗျာ၊ ဂီတ၊ အနုသုခုမရို့ကို ဒေကမ္ဘာမြီပြင်ထက်မာ နှစ်ပေါင်းများစွာ တည်တံ့စီခရေ အတွက်ပါ။
ကဗျာ . . .
ဟုတ်ပါရေ . . . ကဗျာပါ။ တော်လှန်ရီးကဗျာဆရာ ပက်ဘလို နီရူးဒါး စကားကိုယူသုံးရကေ ကဗျာဆိုစွာ အကျွန်ရို့ငှ ရှန်းကန်သံပါ။ မှန်ပါရေ။ ဒေကဗျာတိစွာလေ့ ကဗျာကို

ချစ်မြတ်နိုးရေ ကဗျာသျှင်အယောက် (၂၂ ) ရို့ငှ ရှုန်းကန် သံတိရာ ဖြစ်ပါရေ။

ရှုင်သန် ဖြတ်သန်းကတ်ခါ ဘဝလမ်းခရီးချင်း မတူ ကတ်တေအတွက် ရှုန်းကန်မှုတိ မတူရေပိုင်၊ ရှုန်းကန်သံတိ လေ့ တူနိုင်ဖို့ မဟုတ်ပါ။ ယေဒါလေ့ အကျွန်ရို့တိရေ မျှော် လင့်ခြင်းအိပ်မက်တိတူကတ်ပါရေ၊ ကဗျာကိုချစ်တေ ချစ် ခြင်းတိ တူကတ်ပါရေ၊ အဖပြည်ကိုချစ်တေ ချစ်ခြင်းတိ တူ ကတ်ပါရေ။

ဒေကဗျာစု ရှုန်းကန်သံတိရေ အဖပြည်အတွက် ခံ စားသက်ဝင်ထားကတ်တေ အသံတိ ဖြစ်ပါရေ၊ ဒေကဗျာစု ကို ခံစားဖတ်ရှု နားထောင်ကတ်တေ ကဗျာချစ်သူရို့ တိက လေ့ အဖပြည်ကိုချစ်တေ ရင်ဘတ်ပိုင်သျှင်တိရာ ဖြစ်လိမေ လို့ အကျွန်ရို့ လုံးဝ (လုံးဝ) ယုံကြည်ထားပါရေ။

ယင်းယုံကြည်ချက်အတွက် အကျွန်ရို့မာ ဟိသရွှိအင် အား၊ အကျွန်ရို့တတ်စွမ်းနိုင်သမျှ စွမ်းအားနန့် ရှုန်းကန်ရီး ဖွဲ့ထားကတ်တေ ဒေကဗျာတိကို ရင်ချင်းညှိလို့ နားထောင် ပီးကတ်တေ အဖပြည်ကရက္ခိတ အမျိုးအားလုံးကို ကဗျာ သျှင် (၂၂) ယောက်ရို့ကိုယ်စား အကျွန်က လှိုက်လှိုက်လှဲလှဲ ကျေးဇူးစကား ဆိုပါရစီ။

ဆရာကျော်(ရခိုင်ပြည်သား)
(၂,၇,၂၀၁၆)

## နိမ့်ဝင်နီရေ ကမ္ဘာတခြမ်း

ဗျူး . . .
သက်ပြင်းတချက် မှုတ်ထုတ်လိုက်ခြင်းမှာ
ဘဝစာမျက်နှာတချို့ လန်ထွက်လားကတ်တေ . . .
ဖောင်တိန် ကိုင်ထားရေ လက်တစ်ဖက်က
နှလုံးသားငှ ခိုင်းဖက် . . .
ဦးနှောက်ငှ အစီခံ(ကျွန်) သက်သက်ရာ။

အရိုးစွဲ အမုန်းကို ရီပူခွက်ထဲလောင်းထည့်
ဖြေသိမ့်မှုပါးပါးချေကို ဖြူးလို့ . . .
ခွင့်ရှုတ်ခြင်းဇွန်းနန့် ထိုးမွှေကေလေး
နိမ့်ဝင်နီရေ ကမ္ဘာခြမ်းက
ဘဝကော်ဖီ တခွက်စာရေ
ခါး . . . မှ . . . ခါး။

ဒေကမ္ဘာခြမ်းမာနီရေ
ပိုက်သည်မရှိ့ ဖမ်းမိစွာက
ငါးကွန်ဆောင်ထားရေ ဒုက္ခတိနန့်
ဆင်းရဲတွင်းနက်ခြင်း ဘဝကံက
လောင်းတစီးစာ အပြည့် . . .
ကြိုစားခတ်ထုတ်လိုက်တေ
ဟိုမာ . . ထော . . .
ရှင်သန်ခြင်းတချို့ တဝက်ထွက်ကျလားခယင့်။

## ဖော်ဒန်အနုပညာမန်တီးမှု

အန်ပစ်လို့ မထွက်တေ ဒဏ်ရာတိကို
ရက်ပြတ်ရက်ပြတ် မျိုချထားရခါ
ဘဝတိက
ရင်နာဖို့ ပိုပို ကောင်းလှာရေ
အိပ်မက်သန္ဓေသားကို လွယ်ပိုးယင်း
အလွမ်းရင့်ရင့် မျှော်လင့်ချက်က
နိမ့်ဝင်ရေအပိုင်းကို ထမ်းထားဖို့ လတ် . . .
ကဗျာရင်ဖတ်က တတိုးချေ ပြောရေ။

တခြမ်းနိမ့်ကမ္ဘာ့
ဝေဒနာမျက်ဝန်းတိမာ
အင်အားသာရေသူ ရှင်သန်ကျေး လတ်
ဒါဝင်ရီးခရေ သီအိုရီက
အမှန်တရားစတိုင်လ် နန့် စွဲမြဲလို့
အိပ်ရီးပျက်တေ ညည့်တိရေ
မျက်တွင်း ဟောက်ပက်နန့် . . .။

ကျွန်းဂန်ထဲမာမပါ
အာကာသသိပ္ပံမာ မတွိ
ဘာသာဗေဒ ပျောက်စကားသံတိက
မိစ္ဆရိယနားကို လှုပ်မနိူးနိူင်လီရေခါ
ငါရို့တိရေ . . .
ကမ္ဘာတခြမ်းက ဝိဉာဉ်တိအဖြစ်
မကျွတ်မရွတ် လျှောင်ပိတ်ခံလို့ . . .။

## ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

တရက်ချေ နီသာပြလိုက်ရှံနန့်
ငါရို့ မျော်လင့်ချက်တိ ပြောင်းလားရဖို့လား
ပြားနီရေကမ္ဘာကို ပြန်လုံးဖို့
နိမ့်နီရေ တခြမ်းကို ပြန်မြှင့်ဖို့
ပွင့်ဖူးခရေ ပန်းပွင့်တိက . . .
တောင်မင်းကြီးကျော်ထွီး . . ဗိုလ်ချင်းပျံ
မင်းသားကြီးရှီဘန်း . . အောင်ကျော်ရှီ
ဦးအောင်ကျော်ဇံ . . အသျှင်ဦးစိန္ဒာ
ခိုင်မိုးလင်း . . ခိုင်ရာဇာရို့နန့် . . .
အပွင့်မကြီးကေလေး . . .
ပွင့်ပီးခရေ ပန်းတိ မကန် မလွန်။

ဟော့ကောင်လို့ ခေါ်လိုက်စွာနန့်
ငါ့ရို့ကမ္ဘာ ဖျက်ပီးရဖို့ဆိုကေ
ငါရို့ရင်ထဲကသွီးတိ ဘဂ်လားပင်လယ်ထဲစီးလားလီပ . . .
တော်လှန်ရီးသံစိုင် ညှိကတ်မေ။

တချို့က စိတ်ပျက်
တချို့က ခွဲထွက်
တချို့က သွီးကြောင်
တချို့က ဘေးယှောင်
နှစ်ပေါင်း နှစ်ရာဘောင်အကျော်မာ
We are slaves (FOREVER) . . . လား။

လူအရှင်နီရေ သင်္ချိုင်းကုန်းထဲက
ကြွီကျ လု လု ကြယ်ချေတိအတွက်

## ပေါ်ဒန်အနုပညာပန်တီးမှု

ခြံမခတ်နိူင် မြက်ရိုင်းကြားက
အားယူပွင့်ကတ်တေ ပန်းရိုင်းချေတိအတွက် . . .
ငါရို့ ချီတက်ကတ်မေ
ဂေါင်းမော့ရေဆိုစွာ
ဂေါင်းငုံ့ စွာလောက် မလွယ် . . .
ယေ . . . ကေ . . . လေး . . .

တော်လှန်ရီး နန့် ကိုလိုနီ
ကိုယ်ခြီစွာ ကိုယ်ရှီးရဖို့ဆိုကေ
နိမ့်ဝင်နီရေ ကမ္ဘာတခြမ်းအတွက်
ဒုတိယအချက်ကို ငါပယ်ရေ။ ။।

ဆရာကျော်(ရခိုင်ပြည်သား)

## မင်းကွန်း(သို့) ရင်ကွဲ မှတ်တိုင်

ဒဏ်ရာ သမိုင်းကိုထမ်းပိုး
ရင်ကျိုးရကေလေး
ရက္ခိုတ ရင်ကွဲ သမိုင်းကို
ငါရေ . . .
ရင်ကျိုးခံ ထမ်းထားမိရေ။

သကြီးဘုရား . . ရှာသားကောင်းမှု
မောင်ဝိုင်းပြုခရေ ကုသိုလ်အတွက်
ကျွန်ပြုခံ ရက္ခိုတရို့
အသက်နန့် ရင်းပီးခရရေ မှတ်တိုင်တခု။

ရက္ခိုတ တိုင်းနိုင်ငံက
ကမ္ဘာ့စံမီ ဗိသုကာတိနန့်
(ကမ္ဘာ့ စာရင်းဝင်)
ကြီးသွန်းအတတ်ပညာသျှင်ရို့ကို
အဓမ္မစီစပ် . . .
လိုင်ဗင်းမာ ကျွန်တံဆိပ်တပ်လို့
အင်းဝဘုရင် မော်ကွန်းအတွက်
တိရိစ္ဆာန်ပိုင် နှိုက်စက်ခံခရရေ မှတ်တိုင်တခု။

၁၁၅၂ -တပို့တွဲလဆန်း ၅ ရက်
ရခိုင့်ဗိသုကာရို့ လက်နန့်
ရခိုင်သားရို့မျက်ရည်ကို ပန္နက်ချ

## ပေါ်ဒန်အနုပညာဖန်တီးမှု

မင်းကွန်းစေတီကို အစပျိုးခကတ်တေ . . .
အောင်နိုင်သူ ရည်ရွည်ချက်က
ကမ္ဘာ့အကြီးဆုံး ပုထိုးတော်
မောင်းဝိုင်းနာမည် ကမ္ဘာကျော်ဖို့အတွက်။

ဧည၀တီ အနုလက်ရာ
အင်း၀မာ တည်တံ့စီဖို့
စတုရန်းပေ ၄၅၀ အကျယ်
အမြင်ပေ ၅၀၀ တည်ဖို့အတွက်
ရက္ခိုတ ဗိသုကာရို့အပြင် . . .
ရခိုင်သား ၃၀၀၀ ကို ကြိမ်ဒါဏ်တင်လို့
မသီမရှင် အစာကျွေး
နိ ည မခွဲ ဒါဏ်ပီးခရေမှတ်တိုင်။

အားမတန်လို့ မာန်ကိုချ
တပါးကျွန်ဘ၀ နိရက်တိက
တစ တစ ရှည်ကြာ
နီပူ မိုးရွာမသိနိုင်ခ . . .
ခနစ်နှစ်ကြာ ငရဲခန်းဘ၀မာ
ရခိုင်သား သုံးထောင်ကျော် . . .
အသက်ပီးခရရေ မှတ်တိုင်တခု။

မင်းကွန်းပုထိုးတော် . . .
မင်းကွန်းကို ရောက်တိုင်း
တခြမ်းပဲ့ ပြိုကျနီရေ ပုထိုး
ကျိုးပဲ့နီရေ အုတ်ချပ်တိကြားက

ရက္ခိုတရို့ငိုသံ . . .
ငါ . . ကြား . . . ရ . . . . ရေ။

ငါနင်းထားရေ မြီပြင်အောက်က
ရက္ခိုတ အရိုးပုံကို . . .
ငါ . . မြင် . .  . ရ . . . ရေ။

ဒဏ်ရာသမိုင်းကို ထမ်းပိုး
ရင်ကျိုး ရ လီ ပတ်စီ . . .
ရက္ခိုတ ရင်ကွဲသမိုင်းကို
ငါရေ . . .
ရင်ကျိုးခံ ထမ်းထားမိရေ . . . လေ။။

ဆရာကျော်(ရခိုင်ပြည်သား)
၁၀၊ ၆၊ ၁၆

မော်ဒန်အနုပညာဖန်တီးမှု

## အိုးမဲ့ အိမ်မဲ့ စက္ကူဖြူ

ကောင်းကင်ကနီ မြို့ကြီးအထိတွဲလောင်းကျ
မိုးရီ မဟုတ်တေ ရီစွတ်လို့
စက္ကူဖြူအရွတ်တိ သီကျနီကတ်တေ . . .

ဘဝ၄
ပထမ စာမျက်နှာမာ
အကြောက်တရား ကာလာသုတ်လို့
အိုးမဲ့ အိမ်မဲ့ စက္ကူဖြူတိ။

ငရဲသို့လားရေလမ်းမာ
သူရှို့တိ
တောပန်းအဖြစ် ပွင့်နီကတ်ရရေခါ
အမှားကမ္ဘာ တခုထဲကို
မှန်မှန်ကန်ကန် ရောက်လာရခြင်းကိုက
ဘုရားသခင်၄ လုပ်ရပ်မဟုတ်မှန်း
သိ . . သာ . . ပါ . . ရေ။

ဒေစက္ကူ ဖြူဖြူထက်
တချို့က အတ္တကို ရီးခြစ်
တချို့က ဒေါသကို ရီးခြစ်
တချို့က လောဘကို ရီးခြစ်
အစွန်းအထင်းခံလိုက်ရစွာ . . က
အိုးမဲ့ အိမ်မဲ့ စက္ကူ ဖြူတိ။

အိမ်ဆိုရေ စကားလုံးအတွက်
သူရို့မှာ
အကြောင်းပြချက်ဟိရေ
ရန်သူမျိုးငါးပါး ကိုထားလိုက် . . .
လူ . . ဖြစ်ရဖို့တောင် . . . ကြာက်လို့။

သူရို့ကိုယ်တိုင်မသိလိုက်ခင်
ကြောက်စိတ်က
တယောက်ပါးက တယောက်ကိုကူးစက်
ရာနန့်ချီလို့ သီသံကြားရေ
အားလုံး အပြစ်မဲ့သူကျည်း လတ် . . .

မျက်ရည်သုတ်ဖို့ အတွက်တောင်
စက္ကူဖြူတိ
ဖတ်ဖတ် မျိုးလို့ ထော . . .
အို . . .
အိုးမဲ့ အိမ်မဲ့ စက္ကူဖြူ။။

ဆရာကျော်(ရခိုင်ပြည်သား)

## ပင်လယ် လှိုင်း

ကမ်းကပ်ဖို့ ကြိုစားယင်း
အယှုံး နန့် ပြန်ဆင်းလားရရေ

မာန်တင်း အားသွင်းထားသမျှ
သီကျ ပျောက်ပျက်လားရရေ ဘဝ . . .

ယှုံးပတ်စီ
ရှုန်းကြွလီရေ လှိုင်း . . .

အချိန်တိုင်း ကြိုစားယင်း . . .

ငါ့သမိုင်း ကို
ငါ့ ကမ်းက သက်သီခံလိမေ။ ။။

ဆရာကျော်(ရခိုင်ပြည်သား)

## နှင်း ပယောဂ

မောဟဇုန်ထဲ အိပ်မက်တိ ခြီချော်ကျချိန်
'ဖောင်း'ခနဲ ပြတ်လားရေမိသားစုကြိုးမျှင်တိကို ပြန်ဆက်ဖို့
မုတ်သုန်တပွင့်အားပြုစ
ဝမ်းပျက်နီရေ အတိတ်အရိပ်တိခမျာ
စိတ်သောက တရှီနန့်
ပစ္စုပ္ပန်ကို မုန်းတမ်းကစပ်နီရေ။

ဇာဖြစ်ဖြစ် ဂီတဆိုစွာက
မတူညီရေ အသံနန့်မှ နားဝင်ချိုရေလတ်။

မိသားစုဂေဟာထဲ
ရှက်ကြီတိ ခရီးထွက်လျင်ကတ်စွာ
ဟောင်းသိုးနီရေ နာရီဆိုးတိက
ကွဲနိုင် နွားနိုင် ထရိုင်းလို့
ဒေနှစ်တိ ဘာဘာရင်ဘတ်မာ သွီးတစက်ခန်းဖို့
ဖျားနီရေ ဒေစိတ်ကို
ဒုက္ခထဲထိုးကျွေးရစွာတိ ညောင်းလားပျာ။

ရမ္မက်လောင်စာတိ ကုန်ခန်းလားချိန်မာ
ခိုးကူးဖို့ မိနီတတ်တေရိုးသားမှုတိက
ခြစား ပိုးတိကိုက်
မဖြစ်လှာခြင်းက လက်ခုပ်တီးလို့ အားပီးရေ
လောကဓံထဲ လှလှပပ အလိမ်ခံရစွာ နာစွာရာမလားဂု။

## ပေါ်ဒန်အနုပညာဖန်တီးမှု

အလွမ်းအတွက် ပန်းဆက်ကတ်ဖို့မလို
တောင်းဆုပျို့တိက ဆန္ဒနန့် မိတ်ဖွဲ့
နက်ဖြန်ခါတိကို အတလိ ပြုံးပြရချိန်တိ
ဒေကကွက် ပြောင်းစရာလိုဖို့သိလား။

ယင်းပိုင်ပါပျာ ဘာဘာ
အလှာနှစ်ဆယ် မိုးရိပ်တအုပ်
ခရီးနှင်ပုံတော်စွာ မာယာလီပြင်းထဲ
မျှော်လင့်ချက်တိ အိပ်ဆီးအခပ်ခံရခါ
ရှင့်ချင်ပိုင် ရှင့်နီမှန်းမသိ ဆုံးယှုံးမှုအရောခံရမှ
နောင်တက သောကမြီပြင်ထက် ခုန်ဆင်းလားခယင့်။

နှင်းစက်တိ အိုဟောင်းချိန်မာတောင်
သွန်းလောင်းဖို့ ခက်တေအနာဂတ်
သွီးအားနည်းနီရေ သတ္တိအတွက်
မျက်ရည်တိ ဒုဗ္ဗိက္ခန္တာရ ကပ်ဆိုက်
မိသားစုနွီးထွီးမှုတိ အလွမ်းတလိပ်လိပ်တက်လှာချိန်
ဘဝက ခြောက်သွိသွိ ဖြစ်နီပါယင့်
ဒေနှစ်တိမာ မီးဝါဝါနန့်
မိသားစုက လင်း လီ ပါ ယင့် လား။

လျှာထုတ်ကေ-လဝန်းနီ

## လမ်းမကြီးတခုဘေးမာ ထိုင်မိခြင်း

ဖူးမုံလှာရေ လွမ်းခြင်းအစ
ပွင့်ကြွီလားရေ နာကြင်မှုအဆုံး
ငရဲထရံထက် စိတ်တိဖြတ်လားမိချိန်
မျက်ရည်တိ မီးထလောင်ကျွမ်းလို့
အိပ်မက်ထဲချက်ထားရေအပြုံးနန့် ငြိမ်းသတ်ပီးလိုက်ရခါ
အချစ်က အရီးပါမှန်း သိခရ။

နားလည်မှုလွဲရေ ကောင်းကင်အောက်
ငါရို့တိ ပျံသန်းဖို့လမ်းစပျောက်တေ အခါတိ
သဝန်တိုခြင်းအစ အမုန်းတိက
ကျောက်ထက်မာပြီးနီရေ ဓားသွားတစင်းပိုင်
တခုကိုလေ့ ခင်တွယ်မှုမဟိ။

## မော်ဒန်အနုပညာပန်တီးမှု

အားလုံး မိပျောက်နိုင်ဖို့ယောင်ယောင်နန့်
ဝီးကတ်ဖို့ကိုရည်ရွယ်
အထီးကျန် ငှက်ဖျားပိုးကောင်တိ
တစ္စိစ္စိထိုးဆိတ်မှုထဲ ရင်ဘတ်နီမကောင်းခြင်းမာ
အချစ်က နာကြင်မှုတိရာ ဖြစ်နီခရေ။

ဇာပင်ဖြစ်ဖြစ်လေ
ပုလင်းတလုံးနန့်တလုံး အက်ပစ်လိုက်တေပိုင်
မင်း အနမ်း ငါ့အနမ်း ဆင့် အက် ကွဲကျ
အလွမ်းတိ မှောက်ကျလားရေ ညည့်ပျက်ထဲ
ဒဏ်ရာကွဲတိ ပြန်ဆက်ဖို့ ငါ့မာကုစားမှု မဟိ။

ချစ်သူ . . .
ငါရို့စွာ ခနဉစွာမပါရေ အချစ်တိနန့်
လောကမာကြီနပ်ယင်း ပျော်ကတ်တေမလား
နှလုံးသား တမိုင်တခက်စွာ
မေတ္တာအများကြီးဖြန်းပီးကေ
ခနစ်ဘဝ စိမ်းစိုရေဆိုမလား။

ငါ့ကို အများကြီးနမ်းပါ
နင့်ကို အနည်းချေ နမ်းမေ
ဒေယှင့်ထဲ လာဘ်စားမှုမပါ
ငါရို့တိ အဆင်ပြေဖို့ပိုင် ချစ်နိုင်ကတ်တေလေ။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ခါးသီးရေ နိတိစွာ
တခါတရီတွိရရေ ကျွဲရိုင်းကြီးတိ
ငါရို့က ဖယ်လားကေလေ့
ငါရို့ပါးကို ဖြီးပနာလာတတ်တေ
ပြီးကေ ငါရို့ကို ပင့်ကတ်ဖို့စွာပျာယေ။

ယေကေလေ့ မပူပါကေ့
အဂြိုမပါရေ လောကခံစွာ
ငါရို့ကို အမျာႈကြီး ရင့်ကျက်စီပနာ
အနာဆိုစွာ အချိန်တန်လို့ ပွင့်လှာရေ ပန်းချေတိပဲ့ယေ
မျှော်လင့်ချက် အမျာႈကြီးလောင်းပီးကေ
နက်ဖန်ခါထိ နမ်းမဆုံးယောင် မွှီးနီလိမေ
နင် နန့် ငါ
ဒေလောကထဲ လှ ပ ကတ် မေ။ ။။

လျှာထုတ်ကေ-လဝန်းနီ

**ဖော်ဒန်ဘနေပဥ္စမန်တီးမှု**

# ညည့်သီတကောင်ဇ့ မာယာ

မက်မောစွာ မက်တေ အိပ်မက်တိ
သီနီပုံက ကြွက်သီတကောင်ပိုင်
ဘဝစွာ ဖွပ်ပြီးသား သပုံတခဲပိုင်
ဇာနန့် လာပွတ်ပွတ်
သောက အမြှုပ်တိနန့် နီသားကျချ။

စိတ်ထဲ လိုချင်မှုတိ ပိုထွက်
လက်ကျန် လီစချေတိမာ
နက်ဖြန်ခါ ဇာဖြစ်ဖို့ဆိုရေ မာယာတချို့ပါရေ
စိတ်ဝင်စားမှုအစ ကြီကွဲမှုအဆုံးလေ့ပါဖို့
ဇာဖြစ်ဖြစ်အမှန်တရားကို
ဝတ္တရားအရတောင် မလိမ်ဝါဖူးရေစိတ်စွာ
ဆန္ဒတခု မစိုက်ပျိုးပဲ တရက်လေ့မအိပ်ခပါ
ဘဝကို တန်းထားတစင်းပိုင် လိမ္မာပြဖူးပျာ။

လောကခံပါးက
ကံတရားကောင်းတိ မင်းပါးတို့ လာလိမေ"ဆိုရေ
ကြိုးဖုန်းလာသံပင် မကြားမိ
လောကီအဟိတိုင်း ဘဝမာ "မုသာဝါဒ"တိ မှာသောက်
အမှားတိယစ်လို့ မကောင်းမှုတိ အန်ဖတ်ဖြစ်
အဓိပ္ပာယ်စင်နီရေ ဒေလောက
ပစ္စုပ္ပန်ထဲ ဇာဆီးစားရဖို့မှန်းမသိ။

နှင်းအတုနန့် ဖောက်ပြန်နီရေ ဆောင်းမာ
ရိုးသားခြင်းကို သာလေစွပါ နှုတ်ဆက်ရစွာ
ဒုက္ခအမာရှက်ကရာ ကြီးပါလတ်တေ
သဘာဝနန့် ဖောက်ပြန်လို့
ဒေအရီအသား စီးဆင်းပုံစွာ
စိတ်တခြမ်းလင်းပနာ တခြမ်းကမှောင်တုန်းသိ။

အေး . . .
ဇာပင်ဆိုဆို တဒင်္ဂအီးချမ်းမှုနန့်
ဖိနပ်ပြတ် မျှော်လင့်ချက်ကို
ပြန်ခြုပ်ရက်ရရေလူတိအဖို့
စိတ်ထဲဝင်လှာသမျှလောကဓံကို
လက်ခံတတ်ဖို့တော့ခါ လိုအပ်လိမေ။

သွီးပုပ်တိ ယိုစီးနီရေ အိမ်မက်ကြား
ဒေနိခါတိ မင်္ဂလာမြောက်ခကေ
ငါရို့အဂေါင့်ပျော်ကတ်ဖို့မနား
ဒုက္ခမာ ဆန်းကြယ်မှုတိပါယင့်လားအတွက်ခံ
လောကစွာ စကားပြောတတ်ကြောင်း
စိတ်က အာမ မခံနိုင်
ဂုပြောနီရေ စကားပိုင် နက်ဖြန်သန်ဖက်ခါ
ပျားရည်ဆမ်းတောင် မချိုပျာ
ယင်းပိုင် ယင်းပိုင် ဒုက္ခဆိုစွာ
အတိတ်ကိုပြန်လှန်လိုက်ကေ
ဒဏ်ရာတိအပြွတ်လိုက်သီးနီရေ ဘဝ
အနာဂတ်ကို အလှပချေ ဆီးခြယ်ဖို့

## မော်ဒန်အနုပညာပန်တီးမှု

နှင်းထဲ ပန်းလားကောက်စွာကို ပျော်ကြည့်မိရေ။

ကိလေသာက ဝမ်းတွင်းစပါးရိုင်တခု
ဇာလောက်ပင် ထုတ်သုံးသုံး မကုန်ရေဝမ်းစာ
မျက်ရည်အစ သွီးအဆုံး
ကာလပေါက်စျိးနန့် ထွက်အားကောင်းရေ။

နှင်းပျော့ညှံ့ရေ ဆောင်းထဲ
ဘုံသားအချင်းချင်း ပြုံးပြကတ်ရစွာ
မယုံလောက်တေ မျက်လှည့်တခု
ဆန္ဒပြု တောင်းဆုငှက်တသင်းနန့်
ခါးသီးခြင်းထဲက ထွက်ဖြိုးကြည့်
ညှည့်ဆိုးတိ ဝဲပစ်ရစွာ ဇာလောက်ဟိပျာလေ
မင်း စိတ်နန့် မင်းကိုယ်မာ
လောကီထဲ လုံချုံမှုဟိယင့်လား။ ။

လျှာထုတ်ကေ-လဝန်းနီ

## jun ၄ သားကောင်

အက်ဆစ်နံ့စက်တိ
အနောက်ခြမ်းထက် တသွင်သွင်စီးကျ
သွီးပျက်ညည့်ထဲ ဘဝတိခြီတဆုံးနစ်မြုပ်
ဝတီသျှင်ရင်အုံ အဆုပ်လိုက်ကြိုင်းသံတိ
ရှိုးမကို အခါခါ ရင်ဆာစီခ။

မျက်ရည်ခြုပ် နက်ဖန်ခါတိ
အပေါက်ပေါက်အပြဲပြဲ
ဖာသားချသလောက် ဖာသားမကျရေ ဒုက္ခနန့်
မျက်ရည်ကို မင်္ဂလာမြှောက်ခန်းမာ
မိစ္ဆာမြူးရေ ဒေလတိစွာ
ရယ်သံတဟားဟားနန့် သွီးတိဖောက်တေ။

နှင်းမဆမ်းသားကောင်တိ ဒုက္ခထဲအကျဉ်းကျခံရရေ လ
ဒေလဒေလတိမာ အိမ်သျှင်ကိုမျှောက်နှင်ခံရပနာ
ငါရို့အရီအသားတိ မီးထဲ အလောင်ခံရရေ။

မုတ်ဆိတ်မွှီးနန့် ဆွဲသတ်ခံရရေ
မျက်ရည်တရားပွဲ ကျင်းပအပြီးမာ
သွီးအစက်စက်တိုင်းစွာ သာဓုတ်တေ လ
ဒေလမာ
ရှိုးမစွာ ဆင်ဖဲမှားခြင်း အလီလီ
မာယာတိ ထိုးကျွေးခံရလို့

## ဖော်ဒန်အနုပညာပန်တီးမှု

ဝတီရင်တွင်းမျက်ရည်ထဲ အသက်မွန်းယောင်မြုပ်
ကိုယ့်အိမ်မာ ကိုယ်နီလို့ အသတ်ခံရရေ လ။

သောကမီးတိ ဟုန်းဟုန်းတောက်လို့
သင်္ခါရကို ပြုံးပြ ရယ်ပြကတ်ရရုံကလွဲလို့
ဒေ,လ,ငွ ကံအရ အသက်တခြမ်းစွာ
ဒေါ်လာထဲထိုးကျွေးခံရရေ ဂေါင်းတုံးပြောင်ပြောင်နန့် ရိုးမ
သူ့ကိုသူ ယဉ်ယဉ်ကျေးကျေး လမ်းလားနီလိုက်စွာ
ပင်လယ်ထဲ မျက်ရည်တိ အပြည့်။

ဒဏ်ရာစက်ဝိုင်းမာ
ပုပ်ဆွီးသောအိပ်မက်တိ သူ့မာစိတ်တိုင်းကျမက်လို့
ခါးသီးမှုအပြည့်ကိုဝတ်ဆင်ပနာ နာရီသိုးတိကြား
ခေတ်ကိုဝတ္တရားကျီနီလိုက်စွာ
သူ့ကိုသူ အရီပါးလှာမှန်းတောင် သတိမရ။

ရိုးမလေ . . .
ပွဲကျလားရေ အနာတိကို ပြန်ကုဖို့
နာရီတဆင်စာတောင် မဟိသိ
ဝံပုလွီတိ မြူးကတ်တေ လထဲမာ
အသိတပိုင်းတစနန့် ဝံလက်ချေတိ
မျက်ရည်ကို မီးစတိုက်ယင်း
အတောင်စုံလာဖို့ တနိကို စောင့်နီရေ။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ယင်းပိုင်ဆိုကေ ကိုင် . . . ဟာလူရို့
ကဗျာထဲ ကျည်အပြည့်ထည့်
အနားကပ်လှာရေအကောင်မှန်သရွှိကို ပစ်သတ်
ဒေါင်း
ဒေါင်း
ဒေါင်း
ဒေါင်း
ဒေါင်း။။။ . . . ။ ။။

လျှာထုတ်ကေ-လဝန်းနီ

## နှစ်သိမ့်ခြင်း သံသရာ

ချစ်သူဝေ . . .
သတိတရနန့် တမ်းတရရေခါ
မြတ်နိုးခြင်းကိုသုံးလို့
နှလုံးသားကို နှစ်သိမ့်ပီးနှိုင်ခရေ။

ချစ်သူဝေ . . .
ငါရို့တိ ဝီးကွာနီကတ်ရရေခါ
လွမ်းရေအားကိုသုံးလို့
ပြန်ဆုံရက်အကြိုကို နှစ်သိမ့်ပီးနှိုင်ခရေ။

ချစ်သူဝေ . . .
ဘဝသံသရာအဆုံး
ခွဲခွာမှုအများကြီးနန့် ရှန်းနီရရေငါ့အတွက်
နက်ဖန်ခါတိုင်း အချိန်တိမာ
ဒဏ်ရာရလိုက် နှစ်သိမ့်လိုက်နန့်
ဇာအချိန်ကျမှ ပြီးဆုံးနှိုင်လီဖို့လေးဝေ။ ။

မေထွီးသျှင် (ကျိန်းရိပ်မြို့)

## ဆန္ဒ

သောကများရေ မြို့ပြင့်စီရင်ချက်မာ
နှစ်ပေါင်း"၂၃၀"အကြောင်း ကျကျနနထိုင်တွေးချိန်
ဒါဒေါင်ကျ ကံကောင်းခြင်းအကြောင်း
ဂေါင်းထဲကိုတိုးဝင်လာလီယင့်။

အဖြေမှန်ဝီးနီရေ မရေရာအတွေးတိကြားမာ
ဒွိဟက ဘောင်ဘင်ခတ်
အနားမညီတတ်တေ ကံကြမ္မာ
ခါးသီးစွာနန့် ငြင်းဆန်
ဒဏ်ရာတိ ဖြစ် ဖြစ်လှာရေ။

တခါတရီမဟုတ်တေ ယှောင်ဖယ်ခြင်းထဲမာ
အီချမ်းခြင်းနိမိတ်တိ ပါလားခ
ခါးသီးမှုမျက်နှာစာက
နာကြင်ရရေအခန်း
အသံတိန်းစွာ ပြီးဆုံးနီလီယင့်။

ချွတ်ယွင်းချက်အဖြစ်မရခရေ ပြုံးရယ်ခြင်းက
ဆာလောင်နီရေ အမှန်တရားအတွက်
ရဲရဲတောက် ကြီနပ်ခြင်းတိနန့်

## မော်ဒန်အနုပညာဖန်တီးမှု

ယေရာလေ့သော
ကံနိမ့်နီသိရေ စက္ကန့်တိအတွက်
လျောင်ထားခရသမျှ ရက်ရာဇာနိတိကို
ပြင်းပြရေမွှမ်းမံမှုတိနန့်
ဒေသကြဇ်မာ
အမီဖွင့်ချလိုက်ချင်ယင့်။

မေထွီးသျှင် (ကျိန်းရိပ်မြို)

# ဘနန့် ဝကို ပေါင်းကြည့်ခြင်း

လူ့ဘဝကိုအလည် လာ ရေငါစွာ
နာကြင်မှုများစွာအတွက်
ဥတုကို အပြစ်တင် ရဖို့လား
ချိုမြိန်ခြင်းက မျက်နှာမလိုက်ကေလေ့
ငါ့အိပ်မက်ကို ဖြန့်ခင်းကြည့်ချင်သိရေ
ဖရိုဖရဲဖြစ်လားရေ ဘနန့် ဝကို ပေါင်းစပ်ဖို့
စကြဝဠာလမ်းညွှန်ကိုဖတ်
လိုချင်စွာရဖို့ အယူမလွဲမိယောင်ကား
မူအလွဲတိကို ချန်လှန်ရသိယင့်
အမှောင်တိယှင်းလို့ အလင်းရောက်ဖို့
အထာမကျသိရေ ဒေါသတိကို
မှုသားနန့် အလှမဆင်မိစီဖို့တွေး
အင်တန်ချေတင်းတင်းမြင်မိရေ ကိုယ်ချင်းစာတရားကို
အိတ်ထဲအပြည့် ထည့်ထားစွာတောင်
ပတ်ဝန်းကျင်ဆိုစွာက လက်ညှိုးထိုး
ရာသီက ဥပေက္ခာပြုလို့
စာညှာမှုဆိုစွာ မဟိ
လောကမံ ကြမ်းကြမ်းကလေ့သော
ဂုထိ
ပြောင်းလဲမှုကမဟိသိ
ငါ
ဘနန့် ဝကို ပေါင်းစပ်ဖို့လေ့ မလွယ်သိ။ ။

မေထွီးသျှင် (ကျိန်းရိပ်မြို)

မော်ဒန်အနုပညာဖန်တီးမှု

## ညီမျှခြင်းငှ အခြားတဖက်

ညီမျှခြင်းဆိုရေအရာနန့်
ဒါရိုက်အချိုးကျရေ အရာဘေးမာ
ဆားတခွက်လောက် ဆောင်ထားပီးပါလို့ ပြောယင်း
မယုံစားအပ်တေ မျှော်လင့်ခြင်းတိနန့်
ပင်လုံကို ထပ်လောင်းရေခါ
အတိတ်ဆိုစွာ ခါးစွာထက် ခါးလှာရေ။

လွဲချော်မှုငှရသမာ
အကောင်းဆိုစွာတိက အတောင်တပ်
ကံတရားကရာ မျက်နှာများရေပိုင်
လခြမ်းမာပြုံးရယ်ခြင်း ကင်းမဲ့လို့ ငါရို့တိ
ငိုခရရေ၊ ငိုနီကတ်ရရေ ခက်ဆစ်။

နာကြင်မှုနန့်တွက်ချက်ခါ
နာမိရေ . . . ရင်
ခွင့်ရှတ်ခြင်းအချို့ချို့နန့် ကြီနပ်ဖို့
အတိတ်အခန်းကို ပြန်သတိရမိတိုင်း
ဂုတ်ချိုးခံရခြင်းဆိုရေ နာမ်စားကိုရီးမိခါ
မပန်နိုင်ရေလခြမ်းစွာ
ညီမျှခြင်းငှ အခြားတဖက်မာ
တောက်ပခြင်းတိ ကင်ဝီးနီလီယင့်။ ။

မေထွီးသျှင် (ကျိန်းရိပ်မြို)

## မြက်ခြောက်တမျှင်ငှ ဥတုရသမ်

မင်းနာမ်ရုပ်နန့်
အလှဆင်မွမ်းမံထားရေ လ,သခင်တပါး
လီပြေညင်းချေတိ လာလာဦးခိုက်
တိမ်မျှင်တန်းချေတိ လာလာပွတ်သိပ်
နီရောင်ညွန့်ချေတိ အတလိတိုးတိုက်
ကဗျာဆန်ရေလားတော့ကေ လာမမီးပါကေ့ဖိ။

သက်တော်စောင့်တယောက်ငှ မျက်လွှာချပင့်သက်အကြည့်
ရှိုးရာကျင့်ဝတ်တိနန့် စေတနာသန့်သန့်တိကြွီကျ
မြက်ခြောက်တမျှင်စာအတွက်
အညာရီပေါက်ပီးရေသိတတ်မှုတိက
နှိဆိုစွာ ဥတုသုံးလီငှ အအီးဆုံးရာသီပါ။

သရော်သံတိကင်းဝီးရာ လီပြေနန်းထက်
လက်ပါးစီ သမုဒယအိပ်မက်ပျိုချေတိ
အချိန်မှားလို့ပင် ဖူးပွင့်လာလီလား
နှလုံးသားကပင် မြစ်ဖျားခံလှာရေအနမ်းတပွင့်
ပင်လယ်တစင်းငှ မာယာဆန်တောင်ပံခတ်သံကြား

# မော်ဒန်အနုပညာဖန်တီးမှု

နှီအိုဟောင်းကို ကျိန်စာမတိုက်ပါရစီကေ့
မင်းနန့်ပတ်သက်လှာကေ
ငါရေ နှင်းမကျဖူးရေဆောင်းဥတုပါရာဝေ။ ။။

ဇိဇင်း

## အသည်းကွဲ မာရီယာနာ (၂)

ညည့်လုံးပေါက် ထိုင်လွမ်းပစ်လိုက်မေ
မျက်ရည်နန့်ခင်းဖောက်ခရေ ဆောင်းအိုလမ်း
လမင်းဖြီသံတိ နှလုံးသားထက်ဖြီးလျှောက်
သားသားနားနား ကျကြွီဆင်းသက်နီရေ
အီးစက်စက် ညည့်နှင်းဥက္ကာခြွေတပေါက်
ဒေတသက် ရီစက်ကုန်ပါပျာ။

ကိုယ့်အလင်းနန့်ကိုယ် ကိုယ့်အသံကိုလိုက်ရှာနီရေညည့်
လူပြိန်းတယောက်ငှ အိုးစားကွဲရင်ခုန်သံတိ
လ,ပဆောင်ရို့ခေါင်မိုးထက် ခုန်ပျံ့တက်
ရှိုးရာသံစဉ်နန့်ညည့်လီညင်း
ပန်တော်ဦး ရှိနားတော်အရောက်
တွားယက် ခစားဖူးလီသမျှ
အစိပ္ပာယ်တိ ကင်းမဲ့လွန်းလီရေ။

မှတ်တမ်းမဝင်ရေ ဂြိုဟ်စီးမှားအလွမ်းတိ
အသရေမရ ခုန်ထွက်ဖို့ချောင်းနီရေ မျက်ရည်ဥချေတိ
ပြဿဒါးရက်တိမွီးထုတ်ပီးလိုက်တေ
ရင်ပြည့်ပြည့်အချစ်တိကို
ဝတ်ကျီတန်းကျီတောင် မဲ့မပြဖူးသူ။

သကြဇ်တိကရာ စိမ်းဆိုစွာထက် စိမ်းလာ
သိက္ခာဟိဟိ ထိုင်ငိုနီရေ ကောင်းကင်အောက်

## ဖော်ဒန်ဘနုပဉ္စာပန်တီးမှု

မိုးစက်ရီတိ နှီခေါင်ချိန်ကိုနာကျည်း
အပြုံးတုဆိုကေလေ့
တပွင့်လောက်တော့ စွန့်ကြဲခပါ။

ယားယံလူးလှိမ့်နီရေ အညာကြွှီအသည်း
စူးချက်တရာ ဒဏ်ချက်တသန်းစိုက်ဝင်
ရွှက်ဝါတရွက်နှင့် ရွှက်သစ်ဝီအကြွှီစာရင်းထဲ
နှင်းမသောက်ဖူးရေဆောင်းဦးအလယ်
ငါ့ ခမျာ
ဇာအချိန်လောက်ထိ ဝီးရှင့် ရှင့်ပါးနီဖို့လေး
ဇာအချိန်ထိတောင် ကမ်းပြိုပျောက်ယှလီဖို့လေး။

ဇိဇင်း

## မြောက်ဦး နန့် ချစ်သူ (၂)

အလှကြွီပျက်သုဉ်းခရေ နန်းထက်
နှင်းအိုသမိုင်းတိ ငုတ်လျှိုး
ကျောက်အက္ခရာငှ မြားခွန်သံတိ
စုန်းစုန်းမြုပ်သီကျလားသော မြို့ချေ
အသျှင့်ကို
လွမ်းရေဆိုစွာထက် ပိုလွမ်းရေ။

အိပ်ရီးပျက် နာရီလက်တံထဲ
အနမ်းစွဲ သင်္ကေတတိဖွဲ့နှောင်
အလှကေရီကြယ်ဒေဝီတိ ဝန်းရံမြိုခ
သဇင်ငိုရေ ရင်အိမ်ချိုမျက်ဝန်းနက်ကို
အသက်ဆက် ယစ်မူးဖူးသူအတွက်
လ,ရောင်ဆမ်း ပန်းတခက်ပါလေ။

သဇင်ပွင့်ဖက်ထက် နှင်းပုလဲကြွီသံ
တောင်ထရံကျောက်သားထက် လေးမြားခွန်သံ
သျှိန်ဒိုင်သာမော ၔ အန် သာခြင်းသံတိနန့်
လ,ရိပ်အောက် လီညင်းနွဲ့တိမ်လွှာဖြူပိုင်
မှော်ဝင်သဏ္ဍာန် မဟာဆန်လွန်းရေမင်းအနမ်းတစက်
အလွမ်းတိကြွီရေ နှင်းပူမြစ်မာ လွမ်း ပြီး ယင်း လွမ်း
လွမ်းသထက် လွမ်းရေ။

ဇိဇင်း

## ဖော်ဒန်အနုပညာဖန်တီးမှု

### သဇင်ဖြူ

မင်းအတွက်ရည်ရွယ်လို့
နာမည်ချေတလုံး ဖြဖြူစင်စင်ချေထားပီးခ
သင့်မြတ်သောထိုက်တန်မှုကိုဆွတ်ခူး
ရိုးယှင်းသော ဝတ်လွှာဖြူကိုလွှမ်းချုံ
တပင်တိုင်နတ်သမီးအဖြစ်လေ့သော ပိုင်စိုး
ညှို့ယူအားကောင်းလို့ နှလုံးသားတိုင်းဇွ
အသျှင်သခင်လေ့သော ဖြစ်ရ
နင့်ဘဝနန့်နင့်ကံ ဒေဘုံမာစံထိုက်ပါရေ ဖြူချေ။

အကောင်းပကတိ အရိုးခံဘဝတိ
အစမူလဖြောင့်မက်တေအလှတိ
တသက်နဂါရအပြစ်ကင်းရေ တည်ကြည်မှုတိ
အမြဲထာဝရ ပသာဒအီးရေ ဣန္ဒြေနုနုချေတိ
ယှဉ်ပြိုင်ကင်းရေ ပြီပြီပြစ်ပြစ်နုပျိုလန်းဆန်းမှုတိ
သိသာအထင်ကရ တင့်တည်ဝင့်ထည်မှုကအစ
ကိုင်းကျိုးမြီခဘဝသို့ပင် ရောက်ရောက်
လမ်းဆုံးဘုံပျောက် ရနံ့ကင်းချင်ကင်းလီ
ဒေဂုတဘဝ အရောင်မွဲပြာဖြစ်ဖြစ်
ပကာသနအရီချုံ့ ခနဂုဏ်မိုက်တွင်းနား
စိတ်တဏှာမှောက်မှားလို့တော့
ဖြူချေ . . . ချစ်ရသောဖြူချေ
အချစ်ဆုံးသောဖြူချေ . . . ချစ်မဝသောဖြူချေ
နင့်ကမ္ဘာ နင့်ဝဋ္ဋာမာ တိမ်ဆိုးတိမ်စုတ် မဖုံးအုပ်စီကေ့ဝေ
နှန်း။

ဂဠုဝင်ဆန်ရေအခန်းဆက်ပြဇာတ်တပုဒ်ပိုင်
ဂုဏ်သရေဟိဟိပွင့်အာလှာပုံများ
မွှီးထုံကြိုင်သင်း ဂုဏ်သတင်းနန့်မွှိလျော်
မြင့်မြတ်တည်ကြည် သန့်ယှင်းရေအနွယ်ယှောင်
ဖြူသလင်းဝတ်ရည်နုချေတိ
နှင်းမိုးဝီတွဲခိုနီပုံက
ရှီးရာဆိုလေ့ လှရေ
အမွှီဆိုလေ့ မြတ်တေ
အစဉ်လာဆိုလေ့ တင့်တယ်ရေ
ဓလိဆိုလေ့ အနဂ္ဃထိုက်တေ။

## ဖော်ဒန်ဘနမဉာမန်တီးမှု

ကံကြမ္မာသရော်စာအတိုင်း
ရင်နန့်မဆန့်ရေ အဖြစ်အပျက်များ
ကြီကွဲစရာအပိုင်းအစများ
နှမြောစရာမျှော်လင့်ချက် ပန်းအိပ်မက်များ
ရက်ချုပ်လွန် ပက္ခဒိန်ဟောင်းချေကြား
ငါ့ကိုလေ့နင်မပိုင်ဆိုင်ရေပိုင်
နင့်ကိုလေ့ငါမကာကွယ်နိူင်ခ
ဝမ်းနည်းလိုက်တေ ဖြူချေ
မျက်ရည်တိကျစရာမဟိယောင်ကို ငိုခ ဝမ်းနည်းခရရေ။

ငါ
ဝမ်းနည်းလိုက်တေဆိုကေ
မျက်ရည်တိအရာငိုစရာမဟိ
နှစ်သိမ့်စရာစကားတိအရာရှာမတွိ
ချစ်တေဆိုကေ ယင်းလောက်ထိတောင် ချစ်တေ
ယင်းထက်ကိုလေ့သော ပိုနိူင်သိရေ။

လူကြားသူကြား
ဣန္ဒြေပျက်ပြားနီရေစရိုတ်
တသိတမင်မိုက်ပြရေအသွင်ပိုင်
ရှိုးရာနန့်ဝီး ဓလိနန့်မတူရေသောကမီးတိ
ရင်ဘတ်တူလို့ ခုန်ဝင်စီးဆင်း
ငါ့ကိုငါလေ့ အပြစ်ကင်းကြောင်းမဆို
နင့်ကိုနင်လေ့ မိုက်တွင်းနက်ဖို့မလို
အပိုအလို မလိုသူရှိ့သရော်စကားကြား
ဖြူချေနန့် ငါ

ငါနန့် ဖြူချေ
မဆိုင်ပိုင်နီယင်းနန့် စိမ်းလားရရေ
အလိုလိုနီယင်းနန့် ဝီးလားခရေ
မပိုင်ဆိုင်နိုင်ယာဆိုမှ လွမ်းလိုက်ရရေ။

ဖြူချေ
ချစ်ရသောဖြူချေ
ချစ်ရဆုံးသောဖြူချေ
ချစ်မဝခသော ကိုယ့်ဖြူချေ
အရာရာတိုင်းမာ ဆန္ဒကိုသိက္ခာနန့်
ထိန်းတတ်ဖို့လိုရေအကြောင်း

နင်နားလည်ယောင် နင်သိတတ်ယောင်
နင်ကြားယောင် နင်မြင်တတ်လှာယောင်
ငါ
ပြောပြခွင့်ရာရခကေ
နင့်ကိုကျေးဇူးတင်ကြောင်းကို
ပြောပြမိဖို့သီချာရေ ဖြူချေ။ ။။

ဇီဇင်း

## ပေါ်ဒန်ဘနုပညာမန်တီးမှု

### နွယ် (၁)

ဝီးကတ်ခ တနီရာ
ကံဇာတ်ဆရာအလိုကျ
မိုးရိပ်အဖြစ်ငါ ရွက်ရှင့်ပျော
ငြီဦးတည့်ရာကို
လီဗွိလီရိုင်းတိနန့်တတူမိတ်ဆက်ယင်း
ငါပျော်ပျော်နီတတ်ယောင်
လိကျင့်သင်ယူခရရေ။

ယေကေလေ့ယေ မသိစိတ်ဆိုရေ
ဆဌမအာရုံထဲ မင်းကိုတချက်ချေပင် မိမရပါကားနွယ်။

စိတ်အနာ နောင်တစွာအခါခါရ
ပြန်လမ်းကိုမျှော် ငါမင်းကိုလွမ်းလို့
မိုးရီအဖြစ် ငိုချပစ်လိုက်ယင့်နွယ်။ ။။

စိုးနိုင်(ပုလဲမြို)

## နွယ် ( ၂ )

သောကအရိပ် ဝေဒနာအတိတ်ကြောင့်
ပင်ပန်းစိတ်နန့် ဒေအကောင် ယစ်မနီချင်ပါလေ
ဝေဒနာအလွမ်း ရင်ထဲကျွမ်းလို့
လျှောက်လှမ်းရေငါ
ဇာပိုင်ပျော်နိုင်ပါဖို့လေး နွယ်။

နုည့်ထုံသင်း တစိမ့်စိမ့်စီးဆင်းခရေငါ့အချစ်
ပန်းချေပမာ လန်းဖြာခပါရေ
ယေကေလေ့ . . .
နင်လိုမှသုံး မလိုလို့ မုန်းလားရေခါ
ဝေဒနာအတိတ်စခန်းမာ အသည်းကျွမ်းခံယင်း
ဂုထိလွမ်းနာကျနီတုန်းပါ နွယ်။

ပျားပိတုံချေ ဝတ်ရည်သုံးဖို့
ပန်းတိအားလုံးပွင့်ကတ်စွာမဟုတ်ကြောင်း
မင်းတယောက်သိစီချင်ရေ နွယ်။

တနိနိ နင့်ရင်ခွင်မာ အသစ်တွိရေခါ
တခြားလူအမုန်းပြု နှလုံးသားအတုနန့်
မဆုံဖြစ်ပါစီကြောင်း ဒေမောင်ဆုတောင်းလိုက်ပါယင့်
နွယ်။ ။

စိုးနိုင် ( ပုလဲမြို )

## မှုန်နီရေ ငါ့အမှား

အမှုန်တရားကို
ပဋ္ဌလက်ဆန်ဆန် မာယာသုံးပြီးကေ
မုသားအောက်မာ
အတင်းအဓမ္မ ပျောက်ကွယ်စီကတ်တေ။

ဂ္ဂဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ပြုသမျှနုကတ်ရရေ ကျွန်ဆိုးစနစ်ကို
သက်တမ်းရှည်ရှည်ထားချင်ကတ်တေ လူတစုကလေ့သော
အသက်ကယ်ဆီးထိုးပီးနီရေပိုင်
အဖြူအမဲ မသဲကွဲရေလူတတိုင်သားကလေ့ လက်ခုပ်တီးလို့
မာယာနန့်မုသားကို အချိုးကျသုံးပြတတ်တေ
ကဝေမကြီးကို သူရို့ဇာခေါ်ကတ်တေ
"အမေ"လတ်။

ကြားရရေအမောင်ရို့စကား
နားထဲမာ ခါးလိုက်တေပင်
အမိအရင်းကိုကျော်လို့"အဘောင်"ကို
လှမ်းမျှော်နီကတ်တေ အမောင်ရို့အမိုက်ဇာတ်
ဒေချိန်မာတခန်းရပ်သင့်ပါပျာယေ။

ငါတတ် ငါအမြတ်လို့
အဇာတသတ်ပိုင် အဖမြီကိုသတ်ကတ်ဖို့သိလား
မေတ္တာဝါဒီလွှမ်းမိုးရေ အဖမြီမာ
သတ္တဝါသွီးနန့် ယစ်ပူဇော်နီကတ်တေ
ဒုံနာအရောင်ထွက်တေ သတ္တဝါအကောင်နက်တိ
လူရာဝင်နီကတ်စွာ ရင်နာတတ်ဖိပါလင့်ဝေ။ ။။

စိုးနိုင် ( ပုလဲမြို )

## မော်ဒန်အနုပညာဖန်တီးမှု

### ဇရာအိုကေလေ့ အဘာမငိုကေ့

မေတ္တာတရား ရင်မာပိုက်
လောကခံကို ဒူးနန့်တိုက်လို့
အညတရ လက်ာပျက်တိကို
အပြုံးမပျက် ရင်ဆိုင်ဖက်ပနာ
သွီးသားကိုရင်း
သား သာမီးအတွက် လမ်းခင်းပီးခရေ အဘာ။

အကြင်နာဆို ဇာခါမခမ်း
သားသမီးအတွက်ရင်မာမှန်းလို့
ဇာလောက်ကြမ်းကြမ်း မျက်နှာမနွမ်းခသူ အဘာ။

ဂူ္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

အက္ကျန်ငှ့အဘာ သူရဲကောင်းအဘာ
ဂုခါဇရာအိုလို့ ဒူးတိကကောက်
အရီတိတွန့်ခေါက်နီပျာလား အဘာ
နားတိကထိုင်း အမြင်တိမှုန်မှိုင်းပနာ
အယင်ပိုင်အဘာခန္ဓာ မသန်မာကေလေ့
စိတ်မပူပါကေ့ အဘာ
အဘာချွေး အဘာငှ့သွီးနန့်ရင်းပနာ
ကျွေးမွီးခရေ အဘာသား
အဂုလူလားမြော်ကက်နီပါပျာ အဘာ။

လောကခံကိုရင်ဆိုင်ဖို့
ဇရာအိုကေလေ့ အဘာမငိုကေ့
သားချေအလှည့်ဟိပါသိရေ
ဇရာအိုကေလေ့ အဘာမငိုပါကေ့နှန်း။ ။။

စိုးနိုင်(ပုလဲမြို)

## အမိသား

သဲဖြူလမ်းကတရုတ်ဆိုင်ကယ်ဘီရာတိ
ငါ့အမိမျက်နှာထက်နီရာယူလို့
အဘာနန့်အမိစွာ သစ္စာမြစ်ထဲမေတ္တာအောင်လံရှင့်ထူ
ဒေဂုဆို
ဇရာနန့်ညစာစားပွဲတိတောင် ပါးပါလတ်ပျာ။

ဟိခြင်းမဟိခြင်းနန့်တည်ဆောက်ထားရေ ကြယ်မြင် လမြင်
အိမ်ချေ
အဘာ အမင်နန့် အကျွန့်ကြား ၅၂၈
တန်းခါးတရွက်နန့် နွီးထွီးစီခရေ
အဘာအသံစွာ ကတ်ဆက်ပျက်ထဲက
မိုနိုတပုဒ်လောက် နားထောင်လို့မကောင်း
ယေကေလေ့ . . .
ငါ့အမိနားထဲ မဟာဂီတဆန်နီတုန်းသိ
အဘာအပြုံးစွာ ငသလောက်အပြုံးပိုင်ယှောင်မလှ
ယေကေလေ့ . . .
ငါ့အမိမျက်လုံးထဲ ရက်ပြတ်ဒီဇမ်ဘာဆန်နီရေ။

ဂန္ဓဝင်ကကြိုးနန့် မော်ဒန်ကုထုံး

"ပိတောက်ချေမြိုင်မြိုင်ဖူး ဥသြချေတွန်ပျာကြူး
အတာကူး နှစ်ဦး လတန်းခူးရောက်ကေဗြီးလတ်ချင်ရေ"
ဘေးနားအခန်းကဖွင့်ထားရေ
အခင်ကြီးဦးမောင်သိန်းသာခြင်း
ကျနော့်ရင်ဘတ်ကိုလာလာမှန်ရေ အမိ
မုန့်လုံးချေကြိုက်တက်တေ သားဆိုးသျှေအတွက်
ကျန်ခရေနှစ်ကပိုင် အမိမျက်လုံးအိမ်ထဲ
တိမ်ဖြူလွှာတိခွင့်မယူပဲ နီရာယူလီဖို့သိလား
အကျွန်က ပြန်ပြင်လို့မရရေ နောင်တတိနန့်
ဘဝကိုရီရောသောက်ပစ်ခရေ အကောင်ပါ။

အိမ်လွမ်းနာစွာ
၂၁ ရာစုထဲကနောက်ဆုံးပေါ်ရောဂါတခုပါလား အမိ
သဌေးမဖေ့သာအိပ်ထဲက မိုးသောက်ခါတရက်စာကို
အမိအိမ်အတွက် လက်ဆောင်ပျင်ထားပါရေ။

ကန္တာရထဲကနှင်းစက်တိကိုခြီရာခံကြည့်တိုင်း
အိုးစလင်းခွံပဲ့တိရာ ကနော့်ဘဝမာ လာလာအက်တေ
ကိုးဘတ်တန်ရီသန့်ဗူးစွာ
ကျနော့်အစာအိမ်ကို ထိန်းကျောင်းပီးနီကျ
ကျနော်က အမိသားပါ
ဒေသည့်လေ့ အစာအိမ်ဝန်းကျင်ကို
MA MA နှစ်ထုပ်နန့်မိတ်ဖွဲ့ထားပါရေ။

နောင်ရိုး (Aryan)
၁၂၊ ၄၊၂၀၁၆

## ဖော်ဒန်ဒနုပဉ္စမပန်တီးမှု

### ကျနော်နန့် သူမင့် အပိုင်းအစများ

ကျနော်စွာ သကြင်္ဇပျို့ထဲဝင်ထိုင်ဖို့
သူမင့် အရီကိုချုံ
သူမအသွီးသားတိနန့် အသက်ယှူဖြစ်တေ။

သူမစွာ စိတ်ပုဝါတထည်နန့်နန်းဆောက်
လီထုမဟိသောတိမ်တိုက်တိကို ဖမ်းစားပြီးကေ
ကောင်းကင်တခုလုံး အန်ထုတ်ပစ်လိုက်တေ။

သူမအန်ဖတ်တိစွာ ကျနော့်ဘဝကိုလာလာသင်းမြ
သူမစွာ မြောက်ဦးပိုင်ယဉ်ကျေးတတ်ခ
သူမစွာ ဆိုမာလီဒုက္ခသည်ဝေဒနာကို မျှဝီခံစားတတ်ခ။

ဂျွဝင်ကကြိုးနန့် မော်ဒန်ကုထုံး

သူမစွာ ကျနော်မမာမကျမ်းဖြစ်ခါ ရီပူရီအီးတခွက်
ပူပင်သောကရောက်ခါ ကျောက်စမ်းရီတစက်
ကျနော်သူမရင်ခွင်ထဲမာ အချေတယောက်ပိုင်ဆိုးနွဲ့ပစ်လိုက်
ကြိုက်တေပိုင် ပေါက်ကွဲပစ်လိုက်တေ
ယေကေလေ့ . . .
သူမ ချိုချိုချေ ပြုံးပြနီသိယင့်။

ဟုတ်တေ
သူမစွာဂြိုးဖြူငှက်တိအတောင်ပေါက်ဖို့
သံလွင်ပင်တိစိုက်ပျိုးပီးရေ သူရဲကောင်းတယောက်။

သူမစွာ သူမဖြစ်ပနာ
ကျနော်စွာ ကျနော်ဖြစ်တေ
သူမစွာ တဂိုးအိပ်ကပ်ထဲက လက်ာတပိုဒ်တစ
ကျနော်စွာ ၂၁ ရာစု မြောက်ဦးဝေဒနာထဲက
ကိုလိုနီအဆိပ်သင့်နီရေ တီတကောင်။ ။။

နောင်ရိုး(Aryan)
၁၇.၄.၂၀၁၆

**မော်ဒန်အနုပညာဖန်တီးမှု**

## ကန္တာရထဲကငှက်တကောင်နှင့် စိတ္တဇဒဏ်ရာ

စုန်းမီးဝိုင်းထားရေပန်းသီးကိုမှ
ငါကဆွတ်ချင်ခရေ အကောင်လေ။

အရသာခါးရေ ငါ့ကံတရားနန့်
နင့်လရောင်တိကို ငါဇာပိုင်မွှီးစပ်ပီးနိုင်ဖို့
မော်ဒန်တပုဒ်နန့် 'ငါ့မာ' ဇာသူ့ကိုပိုချစ်လေး လို့
ငါကဗျာရီးတိုင်း နင်ဝင်မီးဖူးရေ
ဝက်ဝုတ္တိအလင်္ကာမြောက်ရေကဗျာကို နင်ကြိုက်တေ
ယေကေလေ့ . . .
ငါ့ရင်ဘတ်ကို နင်ဘာသာမပြန်တက်စွာက မှားရေ။

ဝတီထက်ကလူတိထက် မင်းကိုပိုယုံခရေ
ဝမ်းစာမပြည့်ဝရေ အနုပညာကို
အမင့်နို့ချိုလောက် ကြိုက်မိခရေ အကောင်
နင့်ဘဝကို ဆောင်းခိုပီးဖို့တွဲလက်တစုံမာ
ထမင်းချမ်းခဲဖြစ်နီသိရေကာ သဇင်ဖြူ။

ပကာသနမြို့ထဲမာ
ခြီသလုံးအိမ်တိုင်သမားတယောက်
ပျားရည်ဆမ်း နှုတ်ခွမ်းသားတစုံကို တမ်းတယစ်မူးမိခလို့
နံပါတ်မသိရေပုလင်းဝထဲမာ
နိနန့် ညည့်ကို အပေါင်သွင်းမိခရေ။

## ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ငါမဟုတ်တေ အခြားရင်ခွင်မာ
နင်ပျော်နီပျာလား . . . သဇင်ဖြူ
နင်အိပ်စက်နိူင်ဖို့လို့ ငါတွိရေ
ငါတွိရေပိုင်လေ့ နင်အဆင်ပြေ ချော့မွိပါစီ
ငါ့မာတော့ကေ ခက်တေဝေ
အသက်ယှူတိုင်းမာ နင့်ရယ်သံတိကပ်ပါနီစွာက
နှလုံးသားတစုံအပိုပါမှ ကောင်းလီဖို့ပျာ။ ။။

နောင်ရိုး(Aryan)
ရမ္မာဝတီသူသျှေတယောက်အတွက်။

## မော်ဒန်အနုပညာဖန်တီးမှု

# မြို့ဟောင်းအယ်လ်ဘမ်

သဇင်ပန်းခိုင်တမြိုင်မြိုင်လတ်
အက်ဆက်(စ်)မုန်တိုင်းတိက
အဘာနံ့တံဆိပ်တိကိုခြွီမွ
ဒိတ်အောက်နီရေ အိပ်မက်မာ
ဒဏ်ရာရဟီးရိုးစာရင်းအဖြစ် ထည့်သိမ်းထားလိုက်တေ။

သွီးမသန့်သူရို့လက်နန့်
အရောင်ဆိုးခံထားရရေ မြို့
ဒေမြို့ဟောင်းမာ
အဇူအဇာရို့လက်ဗွီရာတိ
လက္ခဏာပျောက်ဖို့ပျင်နီပျာ။

ဒေဝဒတ်ကမ်းလက်တစုံမာ
ရက္ခိတကိုဇာပိုင်စာလုံးပေါင်းပြဖို့လေး
အသံထွက်မမှန်ရေ ရစ်သမ်ကတော့ခါ
မသီချာကေလေ့ သီချာလားပျာယေ။

မင်းစောမွန်တည်ခရေ ဒေမြို့
၂၀၃၀ ကိုရောက်ကေ နှစ်ပေါင်း ၆၀၀ ပြည့်ဖို့
အာဟာရပြတ်တီကောင်ချေတိကတော့ခါ
နန်းရာကုန်းအနားက မြီဆီလွှာအဆွီးတိကိုစားသုံးယင်း

ဂ္ဃဝင်ကကြိုးနန့် မော်ဒန်ကုထုံး

အိုးဇုန်းလွှာပေါက်ကွဲလာဖို့နီကို
အချိုဓာတ်မပါရေ မျက်ရည်စက်လှဲ့လှဲ့နန့်
ထိုင်စောင့်နီကတ်ယင့်။ ။။

နောင်ရိုး(Aryan)
၈.၂.၂၀၁၆

**မော်ဒန်အနုပညာဖန်တီးမှု**

## အဘာဆိုသော ရင်ခွင်ရထား

အဘာ
လနှစ်စင်း တပြိုင်နက်တည်း
လင်းခွင့်မသာခရေ ကောင်းကင်မာ
နီမင်းတစင်းအဖြစ် တောက်ပခရေ။

နွီးထွီးခြင်း နက်ယှိုင်းခြင်းနန့်
ရဲရင့်ခြင်းတိ တောက်ပြောင်နီရေ
အဘာမေတ္တာသွီး
သစ္စာသာခြင်းတပုဒ်အဖြစ်
ဒဏ္ဍာရီသူရဲကောင်းတယောက်ပိုင်ရီး
ဘဝကိုလောင်ကျွမ်းခံဝံခရေ လူ။

သတ်ချင်ကေသတ်
သီချင်ကေသီလီ
အဘာနှလုံးသားက
အယှုံးတရားလို့ တခါလေ့မတွက်ခ။

အဘာ
အဘာအတွက်
သားကအားမဖြစ်ခကေလေ့
အဘာက သားအတွက်
တန်းထားဖြစ်ခပါရေ။

အဘာ
အဘာအတွက်
သာမီးကထီးမဖြစ်ခကေလေ့
အဘာကသာမီးအတွက်
အနာဂတ်တိ လှပလင်းလက်စီဖို့
မီးအိမ်ကြီးတဆောင်ပါ။

အဘာ
သားနန့်သာမီး
နားချင်ကေနားလို့
ထားချင်ကေထား
လားချင်ကေလားလီ
ပီးဆပ်ခြင်းတိအများကြီးနန့်
မတန့်တန်း ခုတ်မောင်းလားနီရေ
ရင်ခွင်ရထား အသျှင်တပါးပါ အဘာ။

မြတ်သဇင်

# အမင့်အတွက် ကဗျာ

အမင်

အမင့်အတွက်ကဗျာရီးဖို့ဆိုပနာ
ကလောင်ကိုသွီးကြည့်လိုက်စွာ
ညည့်တိရာ ပိုနက်လှာရေ
ကဗျာတိထွက်မလာခပါ အမင်။

အမင်

ကဗျာတပုဒ်ထက်
အမင်ကပိုလို့ လီးနက်နီရေခါ
ကဗျာတိ ရှက်လို့ထင်ပါယင့်။

အမင်

အမင့်အတွက်ဆိုပနာ
ပုံပမာပီးဖို့လို့ စိတ်ကူးချေနန့်
အဖြီးရှာဖို့ကြည့်ပလိုက်စွာ
ကမ္ဘာကြီးရာ မိုးလင်းလားရေ
ပုံပမာဆိုလို့ မှုန်မှုန်ချေတောင် အရောင်မထင်ခပါ အမင်။

ပုံပမာပြုစရာထက်
အမင့်မေတ္တာထုက ပိုလို့ကြီးမားနီရေခါ
ပုံပမာချေတိ သိမ်ငယ်လားခရေ ထင်ပါယင့်အမင်။

ဂျွဝင်ကကြိုးနန့် မော်ဒန်ကုထုံး

အမင်
နီတိနန့် အဆိုအမီးတိကြားမာ
အမင်ဆိုရေ အလှတရားက
ခါးခါးချေဖြစ်မလားစီခချင်လို့
သမီး
ကဗျာနန့်လေ့သော ရီးမပြချင်
ပုံပမာနန့်လေ့သော နှိုင်းမပြချင်ပါပျာ။

အမင်ဆိုစွာ
ကဗျာတပုဒ်ထက် ပိုပြီးနာပြည့်စုံရေ
ပုံပမာတိထက် ပိုပြီးနာ ထည်ဝါရေ
အမင်ဆိုစွာ ဘဝအလင်းသခင်တပါးပါ။

မြတ်သဇင်

**မော်ဒန်အနုပညာဖန်တီးမှု**

# ညည့်ငိုသံ

သူငယ်ချင်း . . .
ပန်းတိုင်ကိုကား မမြင်ရသိ
နှင်းတိကျပနာနှလုံးသွီးတိ အီးခဲလီပတ်စီ
ဒေလမ်းကိုဆက်လျှောက်နီရဖို့သိ။

နှင်းထက်မင်းက ပိုလို့အီးစက်နီလား
ခြင်တိပိုင်အလိုက်မသိရေ ငါစွာ
မျက်စိတိကို တဖွဲ့ချေ တဖွဲ့ချေ နှိပ်ပလိုက်ကေ
သွီးခုန်နှုန်းတိ မျှိုင်းလားခရဖို့ လတ်။

အီးစက်တေလူနန့် အီးမြရေလူကြားမာ
မြီစာမြက်တိက ဓားစာခံမဖြစ်ခင်
အသက်ယှူသံအချို့ ပျံတက်လားခရေ
အကျွန့်လက်ချေတိ
ဒေထရံထက်မာပျာ လိုရာကိုပျံသန်းလားကက်ပါ။

ညည့်စွာ
ပိုပြီးကေ နက်လားရေ
ဘဝဆိုစွာလေ့ တထစ်ချင်းသံသရာ နက်တေလေ
သူငယ်ချင်း
မင်းမော်ပနာကြည့်တိုင်းမာ
အာကာပြင်က ပြာလို့ကျည်းဟိနီဖို့လို့
မင်းထင်လာ သူငယ်ချင်း။

လ မပရေ လမ်းမထက်မာ
တယောက်တည်း ကြယ်ချေတိကြည့်လို့
တိန်းဆိတ်နီပုံတိ
လွမ်းတတ်ဖို့ဆိုကေ ပန်းချီကားတချပ်ပျာယေ
ယင်းခါ
အရောင်အသွီးစုံနီရေ လမ်းမီးတိကို
တလုံးချင်း တလုံးချင်း ရှိုကြည့်နီမိရေ
ပြန်မိလားခရေ
မိတ်ဆွီနန့် မီးတိုင်ချေတိဇ္ဇ တူညီချက်က
နွီးထွီးခြင်းနန့် အလင်းရောင်ပီးစွာလို့ရာ
ဝသီတခုယူထားလိုက်ချင်ရေ။

ထော . . .
အဝီးကြီး အဝီးကြီးပျာ
ခရီး
မိုင်
လူမျိုး
ဘာသာ
နီရာဒေသ

ယေရာလေ့ . . .
ငါရို့တိ အပါးချေဖြစ်ခကက်တေ
မိတ်ဆွီဆိုရေ ဂေါင်းစိုင်တခုအောက်မာ
အချို့ အချို့ လှည့်ကြည့်လားခကက်တေ
မလှမ်းမကမ်းမာ
ခွီးတိပြိုင်ပနာ အူနီကက်ယင့်။

## ပေါ်ဒန်အနုပညာပန်တီးမှု

အကျွန် ယှင်းမပြခပျာ
ကဗျာဆိုစွာ
နားလည်မှုဟိရေ လူအချင်းချင်းရာ
ကြိုးညှိလို့ရရေ ဂီတာတလက်ပါ
အကျွန့်သံစဉ်တိက ပျက်လုံးတိ မဟုတ်ခပါ။

ဖိတ်ခေါ်ခြင်းမဟိပဲနန့်
ရောက်လှာကတ်တေ
လှောင်ရယ်သံတိ မကြည့်ပဲနန့် မြင်လိုက်ရရေ
မျက်ဝန်းတိ  မမီးပဲနန့် ဖြေကတ်တေ
ဝေါဟာရတိအတွက် အပြုံးနန့် လက်ခံပီးလိုက်တေ။

သူငယ်ချင်း ပြောခပြီးပျာကား
ကဗျာဆိုစွာ
နားလည်ပီးနိုင်ရေလူချင်းချင်းရာ ခံစားတတ်တေ
အရာဆိုစွာကို။

သတိပီးနီရေ အသံတိ
ရောက်လှာရေအခါတိုင်းမာ
လောကကြီးကို ရှုးရေလို့ပြောကေလေ့
ငါရို့တိအားလုံးက အရှူးတိပျာ မဟုတ်လား
ယင်းဟင့် အမှန်ပါလေ
ကဗျာတပုဒ်အတွက်နန့်
အကျွန်ရှူးသွပ်ရခြင်းက ထိုက်တန်ပါဖို့ရာ။

ခြင်တိမျှားလှာရေ

ဂန္ဓဝင်ကကြိုးနန့် မော်ဒန်ကုထုံး

နှင်းတိပိုလို့ကျလှာရေ
ရာသီဥတုတိ ပိုလို့အီးလှာရေ
ဦးတည်ချက်တိလေ့ သာလို့ရှိလျှားနီတုန်းရာသိ။

အမှန်လို့ရာ ဒေနီရာမာ
ရှင်သန်မှုတိ ရပ်တန့်လားခကေ
အကျွန့်ကဗျာကို
အကျွန်နန့်တတူ မြီမမြှုပ်ပစ်ကတ်ပါကေ့။

စာညှာတတ်တေလူတိနန့်
နားလည်ပီးနိုင်ရေလူတိက
ဆက်ပြီးကေ ရီးလားကတ်ပါလိမေ။

အို . . . ကမ္ဘာကြီး
နှုတ်ဆက်ဖို့အချိန် တဖွဲ့ချေပီးပါ
မိုးသောက်ခါဆိုစွာကိုသိဖို့
သူငယ်ချင်းတိ ဒေကဗျာချေကို ဖတ်စီချင်သိလို့ပါရာ။

အကျွန် အတ္တကြီးမိလားပါပျာဟမ်
ဟုတ်ဖို့ရာ
ယေရာလေ့သော
အကျွန့်ကမ္ဘာ အကျွန့်ကဗျာနန့်
အလှဆင်ထားရေ အတ္တမြှားမာ
အဆိပ်တိ နှိမ်းမထားခဆိုစွာကို
သူရို့တိနားလည်ပီးဖို့အတွက်
အကျွန်ဆုတောင်းမနီချင်ပါ။

## ဗော်ဒန်အနုပညာပန်တီးမှု

အချိန်ဆိုစွာ
ကောင်းကောင်း တိုအားကြီးပါရေ
အချိန်တိကိုခွဲပီးလို့ရဖို့ဆိုကေ
ဇာလောက်ကောင်းလီဖို့ယေနှန်း
သူငယ်ချင်း
မင်းလေ့ငါ့ကဗျာကို ခံစားနားလည်ပီးနှိုင်ဖို့မလားယေ။

ဒေအချိန်မာ
သွီးခဲနီရေ ခြီလှမ်းတိနန့်
အိမ်ပြန်ရစွာ လီးနီရေဆိုကေတောင်မှ
ရှင်သန်နီသရွိ
ကဗျာတိဆက်ရီးနီဖို့သိ
ဒေညည့်မာတော့ကေ ခြင်တိကိုအားနာရေ။

အဆုံးတနို
တယောက်တည်းပြန်ရရေ ခရီးလမ်းထက်မာ
ကဗျာတိကို ထမ်းပနာ။

မြတ်သဇင်

## မင်းသိဖို့ကောင်းရေ ကဗျာ

        သူငယ်ချင်း
မင်းရာ ဒေကဗျာကို
မဖတ်ချင်ဆိုကေ
ငါ့လေ့သောဒေကဗျာကို ရီးခလီဖို့မဟုတ်။

        သူငယ်ချင်း
မင်းရာ ဒေကဗျာကို
ဆက်ပနာ မခံစားခဆိုကေ
ဒေကဗျာထဲမာ
ငါ့အတွေးတိကို ထည့်လို့ရီးခလီဖို့မဟုတ်။

        သူငယ်ချင်း
မင်းရာ ရခိုင်စာပီကို
မချစ်ဆိုကေ
ငါ ရခိုင်လီသံနန့် ရီးခလီဖို့မဟုတ်။

        သူငယ်ချင်း
မင်းရာ ရခိုင်စစ်စစ် မဟုတ်ခကေ
ငါရီးရေ ကဗျာကို
မင်းနားလည်ဖို့ မဟုတ်။

## မော်ဒန်အနုပညာဖန်တီးမှု

        သူငယ်ချင်း
မင်းရာ ရခိုင်စာပီကို
တန်ဖိုးမထားခကေ
ငါရီးရေ ရခိုင်ကဗျာ
တန်ဖိုးဟိလီဖို့မဟုတ်။

သီချာပါရေ သူငယ်ချင်း
        ဒေကဗျာက
မင်းသိဖို့ကောင်းရေ ကဗျာဆိုစွာ။ ။

မြတ်သဇင်

## ခြီလှမ်းသစ်မာ နီသားမကျခြင်း

မွန်းကျပ်ခြင်း အခန်းကျဉ်းထဲမာ
ငါ့ကိုငါ ပြန်ရှာနီမိရေ
လပသာစွာကို ငါမမြင်ရပါ။

ရာမောင်လီကို တဝယှူချင်လှာရေခါ
ဖုန်းကိုအသာချေ ထုတ်ကြည့်ဖြစ်တေ
သဘာဝစွာ ရီမျှိုမာတင်လို့
ငါလေ့ နီဝင်ချိန်ကို မြင်ချင်ပါရေ။

## [illegible]

မမြင်မစမ်းနန့် ကော်ဖီတခွက်ဖျော်ရေ
အချိန်က ဖုန်းဆက်ခေါ်လို့ ဝမ်းမာမကျခ။

ငါကားစီးရေခါ အသက်ယှုလို့မဝ
အခံဟိရေ ဘယ်ဖက်ရင်အုံအောက်ကရောဂါ
ပြန်ထချင်လှာရေ နှာယှုဖူးကို တဆိလေ့မမြင်နိူင်။

ထမင်းစားရေအချိန်စွာ
ဖဲ့ရွက်တိကို ကုလားပြန်ထိုးပြီးခါစအတိုင်း
အမင်ပါးက ဖုန်းဝင်လတ်တေခါ
အားလုံး အဆင်ပြေပါရေအမင်လို့ရာ
ပြောလိုက်တေ။

အမင်လေ့သော မိုးရွှာနန့် လီထနန့်
အိမ်မာတယောက်တည်းဝေအချေ!
မင်းဘာဘာနန့် မင်းအစ်မကစာပြဖို့
လားခကတ်ပျာ လတ်
ငါစွာ ရင်ဝကို ခဲသီးနန့် အပစ်ခံရရေစာချေပိုင်။

ဘေးနားမာချထားရေ
ကော်ဖီခွက်ကို ကြည့်လိုက်တေခါ
စက်စက်အီးလားပျာ။ ။။

သားထွီ (ရိုးလူ )
၂၀၁၅၊၂၀၁၆

## ရှင့်စိုင်လားရေ ဘဝများ

စာအုပ်ငှအဖုံးစွာ စစ်သားတိဒိုင်းကာထက် ပိုပြီးလီးနက်တေ
အကျွန်ရှိ့မာကားယကေ စာအုပ်တိပိုင်အဖုံးဟိပျာလား
မျက်လုံးနန့်နားကြားမာ
အချိန်တခုလောက် လက်ထောက်ကြည့်ပါ
မီးခိုးငွေ့တိကြားက အချေတယောက်ငှ အော်ငိုသံစွာ
ကမ္ဘာတခုလုံးကို ပြန့်လားနိုင်ယင့်လား။

နီဝင်ချိန်ကို မမြင်ဝံ့ရေဘဝတိအတွက်
သူရှိ့နားလည်ယင့်လား
ဖုံအလိပ်လိပ်ထနီရေ နီပူပြင်ထဲ ဗြီးကတ်
ယေကေတောင် ဟက်ရီပေါ်တာကို မနိုင်ခပါ။

ဘဝတိစွာ ပါးနန့်ပက်ခုံးပြီးကေ
နာရီလက်တံထက်မာ တွန့်လိပ်ပနာ လိုက်ပါနီကတ်ရရေ
စိတ်ညစ်မှုကြားထဲက အသက်ငင်နီရေအသံတိ
ထိုတကွက် ဒေတစုဖြစ်နီရေ

## ဖော်ဒင်အနုပညာဖန်တီးမှု

လယ်ကွင်းကို မှိုင်ပြီးကြည့်နီရေ ငိုကျွီးမှုတိ
သစ်ရွက်ထက်က မျက်ရည်နဲ့မကင်းရေ ထမင်းလုံးတိ
အိုးမဟိ အိမ်မဟိ ဖြစ်လားရေ
ခြီသလုံးအိမ်တိုင်ဘဝများစွာငှ ခံစားချက်တိ
အား . . . !
ဟောင့်တိကို သူရို့ဇာခါနားလည်ကတ်ဖို့လေး
အကျွန် ပေိုင်ရီးနီတုန်း
အဘောင်မတယောက်က
ထမင်းစားဖို့တခုလေ့မဟိဆိုလို့
အဘောင်မငှ စိုင်းသင်တုံးထက်
ဒေကဗျာကိုတင်ပီးလိုက်တေ။ ။။

သားထွီး(ရိုးလူ)
၁၂၊ ၅၊၂၀၁၆

ဂျွဝင်ကကြိုးနန့် မော်ဒန်ကုထုံး

# ငပျင်းထွီ ကဗျာ

သောက်နီကျကော်ဖီခွက်ထဲမာ
နီမင်းကြီးက အီးဆီးသမားပ့်
တလင်းဂနီစွာ စနီပါးကို မာရသွန်ပြိုင်ပွဲပိုင် ဖြီးလို့
ပက္ခဒိန်မာ လ တိ ရက် တိ မပါခကေ
ဇာလောက်ကောင်းလိုက်ဖို့ယေ။

ဘာသာရပ်တခုကို တတ်မြောက်ဖို့
ငါ့ခန္ဓာမာ ပျင်းရိခြင်းအငွိတိ ဆောင်းဆောင်းထနီရေ
ဒီဇမ်ဘာရက်တိကို ငါမမြင်ချင်ပါ။

ပတ်ဝန်းကျင်ကို စိတ်ပါလက်ပါခံစားဖို့
ရှုဘီတလိပ်ကို မီးညှိလိုက်တေ
အဝိုင်းသျှေတိကို အမဲရောင်စွန်းနီရေစိတ်နန့်တတူ
မှုတ်ထုတ်ပစ်လိုက်ယင့်
ဘဝဆိုစွာ ငါပုံဖော်မှုတ်ထုတ်လိုက်တေ အဝိုင်းတိရာ။

ငါစွာ အရိုးစွဲနီရေ ပျင်းရိမှုတိကို ခဝါချဖို့ကြိုးစားယင်း
မက်ပြီးသား အိပ်မက်ထဲကို ပြန်ရောက်လားရေ
ထော စက်လှီဆိတ်မာ လူတယောက်အသံအကျယ်ကြီးနန့်
စကားတခွန်းတည်းကိုထပ်ပနာ အော်ပြောနီရေ
"ဝေး"ငါ့ကိုတချက် စောင့်အုံးသိ လတ်
တလင်းဂနီစွာ စနီပါးကို မာရသွန်ပြိုင်ပွဲပိုင် ဖြီးလို့ . . .။။

သာထွီး(ရိုးလူ) ၁၄.၆.၂၀၁၆

## မြင့်မိုရ်ထက်လူ

မြီဖြူမှုန့်တိ သူ့ငှအဆုတ်သွီးကို
အကြင်နာတရားကင်းစွာ သောက်သုံးနီကတ်တေ
သူ့လက်ထဲမာ အရုပ်မပေါက်တေ သင်ပုန်းဖျက်တခု
မျက်စိမပွင့်သိရေ ကြယ်သျှေတိကို
ဟိသမျှမြီသြဇာနန့် စိုက်ပျိုးရေလူတယောက်
Tuitino,စွာ သူမသုံးဖူးရေ မြို့ထဲက ရီတခွက်ဖြစ်တေ။

မိုးရာသီမာ
ကျွဲခြီရာအပြည့်နန့် ကျုတ်အိုင်ကို
နည့်ရေသူ့ခြီအတွက် အားနာမှုမဟိ

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ဒူးဂေါင်းထိရောက်ယောင်နင်းပြီးမှ
စာပြဖို့လားတတ်တေ
သူဝတ်ထားရေ အင်္ကျီစွာ
သူ့စိတ်ထားလောက် မဖြူစင်လီခ။

အဖြူအစိမ်းမဝတ်နိုင်ရေ အသျှေတိရှိက
သူ့ငှဆုံးမစကားတလုံးချင်းစီစွာ
သူ့နှလုံးခုန်နှုန်းနန့် ထပ်တူ စည် ဝါး ညီနီရေ။

တခါတရီ ကျောင်းသား/သူတိကို
ငေါက်လိုက်ချော့လိုက် ပြောတတ်တေ သူ့အမူအရာတိစွာ
ဇာနာမည်ကြီးဇာတ်မင်းသားလေ့ လိုက်မမှီနိုင်။။

မက်မောစရာမဟိလောက်ယောင်
ယိုင်နီရေဝါးထရံကျောင်းထဲ
လစာမကောင်းမှန်းသိကေလေ့
သူ့ကြွယ်သျှေတိကို မျက်စိဖွင့်ပီးယင်း။ ။။

သားထွီး(ရိုးလူ)
၁၉၊ ၆၊၂၀၁၆

**မော်ဒန်အနုပညာမှန်တီးမှု**

## သုညတလုံးရာဇဝင်

သင်္ချာဗေဒ သင်ရိုး
ပုစ္ဆာအလှ ဝင်ရိုး
ဗလာနတ္ထိ ဆို့မျိုး။

ဒါဏ်ခတ်ခြင်းလား
ကံ ကတ္တား  အမှန် အမှားကြား
မွှီးဖွား ပြီးလွှား သီကျလားယင့်
အရီကျွတ်ရာသီမာ ကိုယ့်နရီတိပျောက်
ဂျတ်ပစီတယောက်ဖြစ်ခါဖြစ်။

ဖဲသမားတိအလယ်မာဆို
အကုသိုလ် ဒေါ်သသံကြား
အပြုအမူထို စောဒကအား
လက် မျက်လုံး အာရုံများ
ဘက် ထောင့်သုံး ပြာပုံတွား
ဒွိဟပွဲတင် ဘာသာစကား
'စီး ဆယ်ကြီး ရှီသီး'
ဖျောင်းကတ်တေ
'ကောင်းလီစွ ဦးဖွ သုည'လျှို့ဝှက်ရေ။

အာစရိရို့အလယ်မာ
စိတ်အသိ ကမ္ဘာ
သမာဓိ မျက်နှာ ဇာတိ ဇရာနန့်

နိဒါန်း နိဂုံး ဝလုံး အမှတ်ပြ
သုည အကွက်လှ
အတွက်ချ စက်ဝိုင်းနန့် 'အို'
ငိုမျက်ရည် ဟာသလည်
ခြုံခြားသတ် ဟိုက်သံတိကြား
မနုဿရှို့  ရှိ /နောက်
အဓိကရပ်တည်မှု ခရီးသည်
မဟိမရ ဆက်နွယ်မှု ကုန်စည်။

မိုင်တိုင်အမှတ် သင်္ချာအတတ်
ရိုးပြတ်တောင်သာ အဏ္ဏဝါထဲ
ရာဇာ သုည ပုလ္လိင် ဖြစ်တော့။

အို . . . သုည . . . သုည
ဇီတာမင် တလှည့်
ဒိုင်ယာစပင် တလှည့်ပါ့ယော။  ။။

ခိုင်ရိုးလ

ပေါ်ဒန်ဒနုပညာပန်တီးမှု

## မြူး

အငေါင့်ငေါင့်ပေါ့ယေ
ကန်းသင်းချောစီးဇာတ်ရှု
ဝင်ပေါက်အခမ့်အခင်းအကျင်း
ဖော့သီးပိုင် ရီပေါ် နင်းကတ်တေခါ
ထွက်ပေါက်တိ ကြက်ခြီဆန်ရေ။

ယင်းအထဲမာပေါ့ယေ
သီသပ်ခိုင်ခန့်သော မာယာများ
ရီလှိုင်းတောထဲက သရဲဝတ္ထုများ
အိပ်မက်တိတ္တုံ အလယ်ကြောမာ
ခြီချော်လက်ချော် ဆုတောင်းနီကတ်ယင့်။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ဝိစိကိစ္ဆာဆိုရဖို့လား
သိနိုစိပျာ ငိုရဖို့လား
လုံချုံရှီးစကားများ
တစပ်ရှိ အချောသတ် အဖျားချွန်ထားသော
မြှုံးထဲကို ရောက်လာသူ အချင်းချင်း
သောက်ဖော်စားဖက် စာရင်းဝင်ရေ။

ယေပြီးကေ
မြှုံးအတွင်းနယ် စတုရန်း ရေိယာမာ
ရာဟုလီ'စနီမိုး လိုင်ပင်းဖက်ထား
(သမီးယောက်ဖတော်စပ်တေ)
မုတ်သုန်ဒေဝါနတ်မင်းက
မယ်ခလာစိန်စီလက်ကို ပယ်ချထားရေ။

ယင်းအထဲမာ
ဗဟိုရ်စည်ဗလာနန့် ရိပ်သာတခု တွိလိမေ
ကိုယ့်နာမည်ကို မသိလူတိ
သိယင့်သားနန့်(ကျတိ)မပြောဝံ့လူတိ
စဖိုဘောင်ပြတိုက်မာ သောင်တင်ရေ။

အဖျောင်းခံထားရရေ သွပ်အိုးခက်တလုံးပိုင်
ဆီးဆရာတိ အဖျားတက်
ဗေဒင်ဆရာတိ အမှားကွက်နန့် (အင်း)
ထွက်ပေါက်ရှာ ရှုန်းကတ်တေ
ရွှက်အောက်မာ ပုန်းကတ်တေ

## ဖော်ဒန်အနုပညာဖန်တီးမှု

စံ အကျိုးပြုသူ ဟိရေ
ဥာဏ်အတိုးစုသူ ဟိရေ
မာန် အငြိုးလုသူ ဟိရေ။

ဖဝါးပေါက်သော မျက်ရည်များက
ပါးစပ်ချွန်းစွာကို စွဲချက်တင်နီယင့်ယေ။

အသားလှုပ်ကျမ်း လီဗွိနန်းကား
မြှုံးတလုံးအိမ်က ခန်းဝင်ပစ္စည်းတိ
မြှုံးရိပ်ဝင် ခွဲတမ်းမျဉ်းထက်မာ
တခြမ်းအီး တခြမ်းလောင်ဘဝနန့်
အကျွန် (သို့မဟုတ်) အသျှင်ကြီးရို့အားလုံး
သွယ်ဝိုက် (သို့မဟုတ်) ဒါရိုက်ပါဝင်လျှက်ဟိပါရေ။ ။။

ခိုင်ရိုးလ

## အစွတ်ဖတ်ဖတ် နီတစင်း ( အဘာ )

အရီရှားဖုံး နံရိုးတောင်ကုန်းနန့်
အကြောစိမ်းစိမ်း မြောင်းကြောင်းအလယ်
(အကျွန့်အတွက်)
လှိုနာဝါ ဘဝပေါင်းခေါင်ထဲမာ
အလုံချုံဆုံး အနှိုးဓာတ်ပီးခပါရေ။

ဖြားရီအတက်အကျနန့်
အိမ်ကွင်း ရင်ဝပင်လယ်ပြင်ကြီးကား
(အကျွန့်အတွက်)
ဆားငန်ရီလှိုင်းတိကို သောက်ပနာ
ရီချိုအစာနုတိကို အော့အန်ခပါရေ။

## မော်ဒန်အနုပညာပန်းတီးမှု

ဆိုးရွားလှသော ဥပမိကမ်းထောင်းနန့်
ဇာတာ အာယုမြီစိုင်တိ ဆွီးကျခြင်းမာ
အားတဖက် ပျားတစက် အမှာစာနန့်
မျက်ရည်မွန်းသော ဒေကဗျာကို
အဘာရင်ငွိနန့် အသက်သွင်းထားပါရေ။

ဖုန်မှုန့်ကပ် ကံတရားနန့်
ဘားကစပ်ကွင်းက မီးစူးခက်ကိုတွိရခါတိုင်း
'အစွတ်ဖတ်ဖတ် နီတစင်းပိုင် ဩဝါဒ'
အထက်မျက်ခြမ်းမာ ရပ်ပြ
ချရီးဖို့မတတ်ယောင် ကျေးဇူးတင်ပါရေ အဘာ။

ခိုင်ရှီးလ

## နှီပြခန်း

ကြတ်တိုက်ခံ ပန်းချီကားတချပ်
မနုဿဖတ်စာအုပ်ထဲမြင်နီရရေ
ရီအိုးစင်တောင်းတနီသော ဖားတချို့
ရီအိုးစင်တောင်းတနီသော သစ္စာသျှင်မာလာတချို့
ရှိုးရာညည့်ထဲက တရီးနိုးခွင့်ပီးပါ  လတ်။

အထက်တန်းစား မိုးရိပ်တိကို လီပွီရှူးတသင်းက
အလိဇီတိုက် ယပ်ခတ်ပီးနီရေခါ
နှစ်သစ်ကူးမျက်ဝန်းက ရွှင်ပျပျ။

ရုက္ခပျို/အိုရို့ မျက်ရည်စက်ကို
ဝေါ်ငှက်တကောင်က
နောက်ခံတီးလုံးနန့် ဧးယိုင်ကျူးရေ။

လက်သည်းဝှက်ထားသော
ကျောက်သားအချင်းချင်း ရန်ဖြစ်ကတ်ခါ
မီးမျှင်တန်းကိုမြင်တိုင်း
ရသကြယ်တပွင့် ဖောက်ခနဲ ကြွီကျရေ
မြီကွဲကြောင်းထက်က ကဗျာတပုဒ်
မျက်မှုန်ကျိုး ပစ္စက္ခအပူဒဏ်ထဲ
အဥဟိရေ ငါးတိပြင်တက်ဖို့ အားယူလျှက်။    ။။

ခိုင်ရှိုးလ

## သွီးရိပ်စိုင်ရို့ငှ ရာသီပြိုး

မှိုင်းညို့ပျှာ သွီးရိပ်ချုံရေအရီခွံအိပ်မက်တခုငှ့
ပြယုဂ်တနီရာမာ ခစားယင်း
ငတ်မွတ်မှုရင်ပြင်မာ စီးချင်းထိုးဖို့ပလွီမှုတ်တေ။

အေ,ဘီ,စီ,ဒီ,မသိရေ ဆိုက်ဘာလမ်းမာ
နှင်းသောက်ပျှာ တွင်းဖောက်နီရေ အက္ခရာတိ
ခေတ်ပညာကို ခုတုံးလုပ်
ပုရစ်ယဇီဇီတိကိုပင် ရောင်းဖို့ပျှင်နီလို့ကတော့ကေ
ကျွန်စျီးက နှစ်ပြားမတန်ယောင်
ညှိတောင်းကတ်ရလိမေ။

လှုရေဆိုသော နန်းရာကုန်းက
"ဘတ်ဂြောင်း"ထားဖို့ ဗျူးမဟုတ်
ခန်းနားရေဆိုသော သျှစ်သောင်းကိုဂုဏ်တင်
မိုးကြိုးအလီဆင်ပစ်ခရေ ကိုးသောင်း
ဇာမြောင်းမာထိုးထားဖို့လေးပြော
ဝလုံးထဲက ဝလုံးစွာ ဝမာ ဝပျှာဝေ။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ပဉ္ဇာ ပုရိန် နိရဉ္ဇရာ လောင်းကြက် လေးမြို့ရို့စွာ
ရာဇနန့်ဝံသ ပေါင်းစည်းမှုမှာ
လှိုကားဆင့်ပျာ သန္တာရသနန့် တည်ခင်းနီလီရေ။

လှုပယောင် လွမ်းခန်းဆောင်ရေ
အကာနောက်မာ သံဝေဂအနှစ်တိကိုဆင့်
ဝီးရှင့်ခရေ ငှက်ပြာ
လီဆန်ကေ ရီကိုတောင်အပြန်လှန်ဖို့ ငြိုးထားရလိမေ။

ခိုင်ရိုးမ ( သုခုမ )

## ခါးသက်တေ တိုင်းရင်းသား

စကြာဝတေးမင်း သံလျက်တချက်စွာ
ရီပေါ်ညီမျှဉ်းကြား အနိစ္စဝီလို့ . . .

အင်္ဂုလိမာလ ရာထူးတက်
စားဖားတိ ဗားယှန်းမြင့်လားခ
မယားပါ တိုင်းရင်းသားတိ ဘဝကို
လိုင်ပင်းမာ စလွယ်သိုင်း ကျွန်မိတ္တူနှိပ်ရှတ်လိုက်တေ။

ထွက်နီကျ ချွေးစက်တိ ဒေနိပိုင်နိလှာရေပိုင်
ထပ်ကြားဖို့ ကတိစကားလုံးစွာ အာပုပ်နဲ့ထွက်တေ။

ထားပါ သစ္စာ
ဆောင်းပီသလို့ နှင်းမကျခြင်းမာ
တိုင်းရင်းသားနန့် သဘာဝ
ဝမ်းကွဲလင်မယား ဖြစ်ခလီစွာ လတ်
ညဇာကနီဝင်ချိန် ငါရို့နားမာကြွင်းလို့ ဝမ်းမနည်းချင်ပါ။

မှင်ဆီတိက အဟာရပြတ်တောက်
နီသောက်လို့ သမုဒ်ခြောက်တေခါ
လျှာရိုးစွာ စာချုပ်မာ နီရာယူလို့။
မောင်းတင်ကေလေ့
ပင်လုံက သွီးစင်တိနန့် ညစ်ပတ် ဒြီမွိယင်း။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

တိုင်းရင်းသားဆိုရေ နာမည်
ငါရို့နားမာ တပတ်ဂျွန်းနန့်ဂေါင်းခေါက်လားခ
သီလောက်ယောင် ခါးသက်ခရပျာယေ။

မဖျောက်နိုင်ကတ်သိရေ အကြောက်တရား
ပထွီးကို အဖတင်ဖို့ နီကိုဒင်း ဆီးရာထူးကို လှမ်းယူ
ထော ! . . . ကြည့်လိုက်
ပုရစ် ချပိုးတိတောင် ကိုယ့်မြီ ကိုယ်ရီကို လက်ကာပြနီပျာ။

မသန်ထီစရာ အူတတောင့်မာကြွီဆင်း
ရာသီကို အလီတင်လားရေ
ကိုယ့်ပရုပ်ဆီ သူမျှားဝမ်းမာရာ ဓာက်တည့်စွာလေ။

"နံရိုးကျိုးလားယောင် မျက်ရည်တိခါးသက်လှပါရေ"

ခိုင်ရိုးမ (သုခုမ)

## ''ရီဟာဇယ်''မဟိရေရွတ်မြောက်မှု

ရီစစ်နန့် ရှာမတွိရေ လီဟာနယ်မာ
ကာရန်တူမျဉ်းပြိုင်တိက ဒုန်းစိုင်းကြီး စုန်ဆင်းလို့။

ကြယ်မမြင်ရေနိရက်တိ
လပကိုရာအားကိုးယင်း နီလုံးကိုမျှော်ကိုးပနာ
အရောင်တူ ဖယောင်းတိုင်နန့်ရာ
ငြိနီခရရေနိရက်တိ
ကမ္ဘာတခြားထိ ကပ်စွဲယူလီဖို့လား။

ကျားပီပီကတိကဝတ်ကို
အသက်သီမတတ် တည်ခကတ်တေ
မ,ပီပီကတိဖျက်လို့
သာရာစီးရေအဖြစ်အပျက်က နိဒါန်းစ
ဒေဂုနိဂုံး ဘဝတပြန်ဆုံးလီပျာ။

## ဂ္ဃဝင်ကကြိုးနန့် မော်ဒန်ကုထုံး

မြစ်ရီ ချောင်းရီ အပြန်စီးလီခါ
စာရွက်မာ ဘောပန်နန့်လှော်ကတ်
ငြိမ်းချမ်းမှုကိုရောက်ယောင်လား
ခွီးမာအဂ္ဂိုပေါက်မှ လမ်းပေါက်ဖို့စွာရာ။

ခေတ်ပြောင်းပြန်ထဲမာ အဆန်လိုက်ခါမှရရေပိုင်
ဒီဂရီမတူရေ ထောင့်နှစ်ခုကြားမာ
အဖြေရှာဖို့ သီအိုရီက ခြစားနီလို့မရပျာ
ဖက်ဒရယ် ဆိုရေစကားလုံးက
ရွှတ်လပ်မှုတိုင်းအတွက်
''ရီဟာဇယ်''အဆင့်လောက်တောင်မဟိ။

ကလောင်ပေါင်းမြောက်များစွာ
ဗျူဟာအသီးသီးနန့် တိုက်စစ်ဆင်နီစွာရေ
အင်အားကြီးမားစွာသော ရဲဖော်ရဲဖက်အပေါင်းနန့်
တိုက်ပွဲဝင်နီခြင်းငှာအားဆီး။

နက်ဖန်ကိုမကူးနိုင်ရေ အရုဏ်တက်တခုအတွက်
သန်ဖက်နိကို မမှန်းမျှော်ပေးနန့်
ဒေနိမာရာ အိပ်လို့ခြိနီသရွှိ
ငါရို့ဘဝတိက ဒုံရင်း ဒုံရင်း ဆိုရေ တာဂတ်မာ
တစချင်း တစချင်း တစချင်း အဝခွီခံနီရဖို့စွာက
မလွဲမုချ မှန်နိုင်လိမေ။

ခိုင်ရိုးမ (သုခုမ)

## ဖြီးဒင်း

ရက်စက်ခြင်းတိကြားက
အညာချေကို ဆွဲနှုတ်လိုက်တေ
မွီးတနိ သီတနိမြန်းဆင်ခကတ်တေ
သစ္စာတရားတိ
အိင်တာမေးသျှန်းမာ ပုပ်လို့
ကောင်းကောင်း အနံ့ဆိုးရေဝေ။

ဖြီးဒင်းတိ ဒရဟော စီးဆင်းနီကတ်စွာ
ကမ္ဘာကြီးလုံးလီလို့ရာ ဆိုကေ
ကင်မ်ထရိုးမပါရေ ပျားအုံမာ
လူမျိုးခြား ဒွိဟတိ ယင်နားနီလီယင့်။

ငါရို့တိအငှါးပရိသတ်ဖြစ်ရစွာ
ဖြီးဒင်းက လူမယုံဇာတ်ခင်းလို့ရာယေ။ ။

ခိုင်ရိုးမ (သုခုမ)

## သုညပျောက်လားခရေ တန်ဖိုး

ဖြောင့်မတ်မှန်ကန်ရေ အိပ်မက်တိဆိုကေလေး
အစပျိုးလိုက်ခြင်းငနိဂုံးတိ ဖရိုးဖရာ
အောင်မြင်ခြင်းနန့် ကျယ့်ုံးခြင်းစွာ
စက္ကူတရွက်ငှ စာမျက်နှာနှစ်ဖက်ပိုင်ရာမနား
နိတိုင်း ကိုယ်တတ်စွမ်းသလောက်တော့ခါ
ကောင်းကျိုးပြုဖို့ အသက်ယှုနီရေ။

## မော်ဒန်အနုပညာပန်းထိုးမှု

ရှိက ခွန်အားအပြည့်နန့် ရပ်ပီးနီရေသုညတိ
တဆတ်ဆတ်အားလျော့လားခါ
အညှက်ပုံနားမာ ဇာတ်သိမ်းခန်းမရောက်ခင်
ပြည်ဖုံးကားချရလီဖို့လားလို့ ကြောင့်ကြစိတ်နန့်

အပီးမယူမမျှရေ ကြိုးစားမှုရလဒ်တိကြားမာ
အကျွန့်အတွက်ထမ်းထားကတ်တေ
မျှော်လင့်ချက်အကြီးသန်တိ
အဆုံးသတ်ပစ်ဖို့ မဝံ့လို့
သက်ပြင်းချသံတိနန့်တော့ခါ အမိအိမ်ကို
အခန်းမပြည့်စီချင်စွာ အမှန်ပါပျာ။

လက်ဖဝါးထက်က အရီးအကြောင်းကောင်းစွာလောက်နန့်
ဘဝတိမလှနိုင်မှန်းသိကေလေး
ကိုယ်ပိုင်အောက်စီဂျင်နန့် အသက်ရှင်ဖူးချင်မိရေ
အပြစ်လား
ယှုံးနိမ့်ခြင်းစွာ အကျွန့်အပြစ်လား ဖြယ်ပါ။

လက်ဟိ ကိုယ့်သဏ္ဍာန်မာ
သုညပျောက်လားရေ ခုဂဏန်းတခု ဆယ်ပြည့်ကိန်းဖြစ်ဖို့
နိတိုင်း ကံကြမ္မာနန့်ရင်ဆိုင်တွိနီရတုန်း။ ။။

ဂျွန်မိုးစက်သွေး(စစ်တွေ)

## ညှိလို့ မရနိုင်သော . . .!

နိဒါန်းကိုပြန်ပျင်ဆင်ခွင့်ရခဲ့ကေ
နောင်တတိ ဟိမလာနိုင်ပျာယေနှန်း
ငေ့က
စိတ်ကူးတိဂျည်း ခရီးထွက်လားကတ်တေ။

ရုပ်နန့်နာမ် တကွဲတပြားစီဖြစ်လို့
အာသီသတိ Probably ဇီးရိုးနန့်
ရင်ရိုးခြုပ်ကြောင်း နှစ်ခြမ်းကွဲခံပနာ
ဘဝထဲမာ နောင်းနင်းဖို့
အချိန် လိုရေ . . .
ငွီ လိုရေ . . .
တည်ဆောက်ဖို့ ဘဝက စီးဆိကေမျာရေ။

မွီးဖွားခြင်းနန့် သီဆုံးခြင်းကြားမာ
ရှင်သန်ဖို့ကြိုးစားနီယင်း
နှလုံးသားကိုလောင်းကြေးတင်
အချစ်ဆိုရေ စကားနှစ်လုံးအတွက်နန့်
ဇာသူ ဇာလောက် ဆင်းရဲတွင်းနက်ထဲမာ
ချင်ခြင်းတရားတိအောင့်ပနာ နီနိုင်ပျာလို့လေး။

ဂျွန်မိုးစက်သျှေ(စစ်တွေ)

## ရင်ကွဲနက္ခတ်

ကံဆိုးမလားရာလမ်း
သီလကိုရောင်းစားသောခေတ်နှ
နိစ္စဲမဟိသော ဧရိယာပြင်ပတို့ရောက်ဟိ။

မြစ်တစင်းနှဒိုင်ယာရီမာ
မူလနာမည်မှန်ဇာမှန်းမသိပဲ
ဖန်တီးယူလိုက်ရသောပျော်ရွှင်မှုရို့စွာ
စာမျက်နှာအလွတ်တိကို ဝေဒနာအရင်းအမြစ်လို့ စွပ်စွဲ။

ဂူဠဝင်ကကြိုးနန့် မော်ဒန်ကုထုံး

အမှန်က
လောကကြီးယှုပ်ထွေးနီစွာမဟုတ်
ယှုပ်ထွေးခြင်းကိုခံနီရစွာ ဖြစ်ဖို့
တောင်းဖြစ်ချင် ဝါးကိုခွဲ
တခါတရီ သမင်မွီးလိုက် ကျားစားလိုက်
ဂေါင်းထက်ကအာကာပြင် အမှောင်မကျသရွှီတော့ခါ
ဇွဲကောင်းကောင်းနန့် ခုတ်မောင်းယင်း
တနိနိမာ
အခမ်းနားဆုံးရာစုသစ်တခု
ထိုး . . ရှိမာ
လက်ယမ်းခေါ်နှိုင်ကောင်းယင့်။
သက်တမ်းတခုင့ သုံးပုံတပုံကိုရောက်ခပျာ
ဖြီးရာလမ်းမာ တွဲကူရေလက်တိထက်
ခြီခေါက်လဲယောင် တိုးချဖို့လက်က ပိုမျှားရေ
ယေကေလေ့ . . .
လဲကျလိုက် . . . ထဖြီးလိုက်
မိုင်တိုင် ၂၆ မာ မဟိခြင်းနက္ခတ်နန့် ရင် ကွဲ တုန်း။ ။။

ဂျွန်မိုးစက်သျှေ(စစ်တွေ)

## ဇာတ်နာ

ထပ်တူကျခွင့်မဟိရေမျဉ်းကြောင်းတိအတွက်
သီအိုရီထဲက ပကာသနတိမပျက်သရွှိ
စိတ်ကူးထဲက နိဗ္ဗာန်ဘုံ
ဝင်လမ်းပျောက်နီစွာ အဆန်းမဟုတ်။

မပြည့်စုံဖူးရေအတိတ်အတွက်
အနာဂတ်ကိုထုဆတ်ဖို့
စိုင်းပြင်းနီရေ ဝမ်းမီးအပူတိနန့်
နေ်စွာ . . .
နက်ဖြန်ခါပါးမာ
ဝန်ထုပ်ဝန်ပိုးတိလို့ အပြောခံရရေ။

ပထမဘဝတခြမ်းဝတ္ထုနှ
ဇာတ်ကောင် သရုပ်ဖော်ခြင်းမာ
ညီမျှခြင်းချမရနိုင်ရေ မေတ္တာလမ်းကြောင်းထက်
ကံလွဲမှုအစုစုရို့စွာ
ချမ်းသာသော လျှာဖျားနှုတ်ခွမ်းပါးတိအောက်
ခေါက်ရိုးတိ ကြီလို့။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ဆွဲနှုတ်ဖို့ မဖြစ်နိုင်ရေချစ်ခြင်းတိဖျက်သိမ်း
မာနနန့် လီဟုန် အဆန်တက်ဖို့ ကြိုးစားယင်း
ဇာပိုင်ပင်ဆိုဆို
ဩဂုတ်လငှအလွမ်းလက်ကျန်တိစာရင်းမပိတ်နိုင်ခင်
အိပ်လို့မရရေ ညည့်တိထဲ
အလွမ်းတိခြီရာထင်ကျန်ခကြောင်းကို
ယုတ္တိဗေဒနန့်
သက်သီပြနိုင်စွမ်း ဟိခပါကေ . . . ။။

ဂျွန်မိုးစက်သျှေ(စစ်တွေ)

### ဖော်ဒန်အနုပညာမန်တီးမှု

## ရင်ဘတ်ထဲမာစီးရေမြစ်

အမှန်က

၁၇ နှစ်လုလင်ပျို့တကောင်ငှ့တောင်ပံစွာ
ပညာရီးလီဟုန်မာစီးချင်ခရေ
မိသိဖသိပျာ ပရဟိတစိတ်ဟိလို့တော့ကေမဟုတ်
လက္ခဏာမဖတ်ပဲ ကူလီဝတ်စုံကိုခါးမာမြဲဖို့
အခါခါလေ့ သိမ်းသွင်းခံခရေ
အမှန်က အဠနနဒီနန့် ရောဝတီကို
ရောမ္ဓိလို့စီးဆင်းချင်ခရေ အကောင်။

နိမိတ်ကြီးလေးပါးကြောင့် တောထွက်စွာထက်
ပါရမီပြည့်လှာလို့ နိမိတ်ကြီးလေးပါးပီးလှာရေဆိုကေ
ဆင်းရဲခြင်းငှ့ တိုးကန်အားကို
သားမိနှစ်ယောက် တဖက်တည်းကဆွဲမနိုင်ခစွာ
ပါရမီပြည့်လှာရေ အဠနနဒီယေ
ဒေရင်ဘတ်မာ တစင်းတည်းရာတသွင်သွင်စီး
ရောဝတီနန့် စာရင်းယှင်းချိန်တန်လို့ပင်ဖြစ်လိမေ။

အမှန်ပါ

အိမ်ထဲမာမတွိဖူးရေ မိသားစုရက်ချုပ်စာအုပ်ကို
နိုင်ငံခြားစာအုပ်စင်မာရှာတွိ
အဠနနဒီလေ့ အဟိန်ပြင်းပြင်းစီးလို့
အစိမ်းသီခရေမိသားစုနိစ္စဲက

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

၁၁၄၆"ပြာသိုလ်လပြည့်ကျော် ၇ ရက်လတ်
ထင်းထင်းပေါ်ယောင်ရီးထားရေ။

မိမသိ ဖမသိ ဖြစ်ခရေအကောင်စွာ
ရက်ချုပ်စာအုပ်က မိသားစုသွီးစက်တိကို ကောက်ဖတ်ယင်း
အဆက်ဆက်ရီးထွင်းခရေ သမိုင်းသွီးစက်တိကိုလေ့
ကောက်ဖတ်ကြည့်ရေ
ကျန်ဟိလိုက်တေ အမွီခံသားတယောက်အဖြစ်ခံယူဖို့
သမိုင်းကြိုးကိုကျီယောင်ဆပ်ဖို့
တော်လှန်ရီးမြစ်တစင်း၂၀၁၀"ကပင် စီးဆင်းနီခစွာ
အေဂုထိပင်လို့ ဝန်ခံမိရေ။

ယင်နားမခံနိူင်ရေနှလုံးသားစွာ
ဝန်အပြည့်နန့် ဆင်နင်းလားကေလေ့မတွန့်
ဒေရင်ဘတ်မာ အမွီရဖို့မြစ်စွာ
တစင်းတည်းရာစီးဆင်းနီခရေ။

ခိုင်စံအောင်(အဝကန်)

ဖော်ဒန်အနုပညာပန်တီးမှု

## သစ္စာခံမြို့

ရက်စက်ခြင်းတိနန့်မွိလျော်သော
နှုတ်ခွမ်းဖျားအနားမာ သူဟိရေ
ပိဋကတ်တော်ရို့အရိုးအသားအဖျင်ခံရခါ
လက်ဖျားအနားမာ သူနားခိုနီရေ
မိစ္ဆာမြစ်တစင်း အဟိန်ပြင်းပြင်းစီးဆင်းနီသော
ကမ်းထောင့်အနားချေမာ သူရပ်နီရေ
　　သူယေ
မြတ်မုနိနန့်ဝီးလို့ အလာသျှင်နန့်ပါးရေမြို့။

ကွိဝိုက်နီရေလခြမ်းထိပ်ဖျားချေမာ
　　သူစွာ
ပင်လယ်ပြင်မာစီးချင်းထိုးလိုက်
မြီပြင်မာ တိုက်ခိုက်လိုက်နန့်
မြောက်ဦးမျက်ရည်လူးနီခါ
　　သူစွာ
စင်ဒရဲလားမချေတယောက်ပိုင်ကျန်လိုက်ယင့်။

အကြောင်းမလှလို့ဖောက်ပြန်နီရရေ
ပြည်တန်းဆာတယောက်ပိုင်
　　သူစွာ
ဖောက်ပြန်ယင်း မျက်ရည်တိစီးကျ
ရင်ထဲမာတဟီးဟီးနန့် ငိုနီခရေမြို့။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

အင်္ဂလိပ်တိ သူ့ကိုဘင်္ဂလီနန့်ဖောက်ပြန်ခိုင်းခ
ဦးနုအာဏာနန့် ဖလှယ်ခနန့်
အသက်အရှက်ကို စပ်တမ်းထည့်လို့
မင်းဗာဘုရင်ရင်ခွင်မာ ဟိနီသိရေမြို့။

သူယေ
လူ့အခွင့်ရီးစာတမ်းကိုမုန်းရေ
NGO,INGO,UNCR ရို့ကိုမုန်းရေ
သူယေ
အောက်သားတိကိုမုန်းရေ
သူယေ
သူ့အိမ်က သူနှင်ထုတ်ခံ အသက်တိစတေး
သွီးချောင်းစီးလို့ တည်ခံနီရေမြို့။

သူယေ
ဘာသာရီးငှ့သစ္စာခံ
သူယေ
အမျိုးသားရီးငှ့သစ္စာခံ
သူယေ
သဇင်ပျိုရို့ငှ့သစ္စာခံ
သူယေ
ရက္ခိုတရို့ငှ့ နှလုံးသည်းပွတ်ဖြစ်တေမြို့။ ။။

ခိုင်စံအောင်(အဝကန်)

ဖော်ဒန်ဒနုပညာဖန်တီးမှု

## သမိုင်းတခေတ်ဌ သူရဲကောင်း

ဖိနှိပ်တိုင်း ပိပြားခံဖို့
သက်မဲ့ရုပ်ဝတ္ထုမဟုတ်တေ လူသားမျိုးနွယ်
ခမ်းနားမှုတီကို ပိတ်ကာချခံလိုက်ရကေလေ့
စကားမပြောတတ်တေရုပ်ကြွင်းအိုရို့
ဗီဇမျိုးရိုးအကြောင်း ကိုညွှန်ပြနီလီရေ။

ဒွန်တွဲနီတတ်တေ လောကအမှန်တရားအောက်မာ
ဖိနှိပ်မှုဟိကေ တိုးကန်ခြင်းလေ့ဟိရေ
ကျွန်ဖြစ်မှုဟိကေ အိမ်သျှင်ဖြစ်ခြင်းလေ့ဟိရေ
ဖြစ်ပျက်ခြင်းသံသရာမာ
ကျွန်ရီစီးကို အဆန်လှော်ခတ်ဖို့
စီးစီးမိုက်နီရေညည့်တိအောက်မာ
အမှောင်ကိုဖြိုခွင်း တမျိုးသားလုံးအလင်းရဖို့
ဖယောင်းတိုင်တချောင်းပိုင် သီ
ဆီမီးခွက်တခွက်ပိုင် သီ
ကြယ်တိပိုင်လေ့ ကြွီကျဖူးကတ်တေ။

ထည်ဝါခန့်ငြားရေ မျိုးနွယ်တခု
ဂေါင်းကိုပိုင်း ရင်ကိုခွဲ
အရိုးတိ အမှုန့်မရကြွီ
ရိုးတွင်းခြင်ဆီပါကုန်ခမ်းယောင် ဖိနှိပ်ခါ
ရွတ်မြောက်မှုအတွက်ရုန်းထွက်
တမျိုးသားလုံးအတွက်ရှိဆောင်ခရေ ဗိုလ်ချုပ်ခိုင်မိုးလင်း

ချေငွေဗားရား ကတ်စထရိုနန့်ခေတ်ပြိုင်ဖြစ်ကေလေ့
သူရို့တိလောက်စာမတတ်
              ယေလေ့ . . .
သူရို့ထက်ပြင်းထန်ရေ အမျိုးမာန်ကို
မိုင်၂ ထောင်ခရီးမာ သက်သီပြခပါပျာ။

၁၉၇၇ ဒွန်(၄) ရက်
မိုးတဖြောက်ဖြောက်အောက်မာ
သီနတ်သံတဒိုင်းဒိုင်း ဝိဉာဉ်ကူးသံ တညံညံနန့်
မဏိပူရမြစ်တန်းထားမာ
နခတ်ကိုတည့် ပီစတိုမောင်းကိုကွဲ
ကိုယ့်စွာကိုယ် စီရင်ခရေသီနတ်သံက
ဒေဂု တွန်ကျူးနီကတ်ပါပျာ ဗိုလ်ချုပ်။

ပြည်တော်ပြန် အိမ်ပြန်မရောက်
ရခိုင်ပြည်ရွတ်မမြောက်ခသိကေလေ့
ဗိုလ်ချုပ်ငှ ဒူးမထောက်ရေ သံဓိဌာန်
အနာဂတ်မျိုးဆက်တိအတွက် စံတင်ရေအမျိုးမာန်ပါ။

ခိုင်စံအောင်(အဝကန်)

မော်ဒန်အနုပညာဖန်တီးမှု

## အကျွန် နန့် သူမင့် ပက္ခဒိန်

တောင်တန်းတိ လယ်ကွင်းပြင်တိ
မြစ်ပင်လယ်တိကို ဖြတ်စီးလာရေလီညင်း
အီးမြမှု နွီးထွီးမှု လုံခြုံမှုချင်း မတူညီကတ်
ဂန္ဓာရုံချင်း ကွာခြားလီကတ်ကေလေ့
၂၁ ရာစုခေတ်ရီစီးမာ
ကြားခံဒြပ်သားမဟိရေ အွန်လိုင်လီညင်းစွာ
ငါရို့နှစ်ယောက်ရင်ဘတ်မာ မွီးပြန့်သင်းမြ
ဂန္ထဝင်မြောက်ခလီပါယင့်ဝေ။

အာရုံငါးပါးမဟိပေးဝတ်မှုံကူးဖို့
မယုံနိုင်ရေဝတ်ရည်စက်တိ
ငါရို့နှစ်ယောက်ရင်ဘတ်မာ တူညီလီကတ်တေ။

ငါ့ရင်ညာကမေတ္တာတရားတိ ခုန်ဆင်းလားရေနိ
မယုံနိုင်စရာအကြောင်းတိကို စီပြ
ယေလေ့
နင့်ရင်မာဆို့နီခလို့
ကမ္ဘာချီပုံပြင်အကြောင်းတိနန့်
ငါသက်သီထူပြခါကပင်လေ ချစ်သူ။

နင်စလို့ရက်သားကိုက်တေနိက
မပေါင်းဖက်အပ်တေ အင်းဝလတ်
ယင်းဟင့်ပင်
နင့်နန်းတော်ငှ လျှို့ဝှက်ခန်းတနီရာကို

ငါ့ သူလျှိုတော်ရှို့ မွှီနှောက်
ငါပျော်နီခရပျာဝေ ချစ်သူ
ရင်ဘတ်မာ ကဗျည်းထိုးထားပါယင့်ဝေ
ဇွန်၃၀ နိမာ နင့်နှလုံးသားက အိန္ဒြေဝတ်ရုံချုံလို့
မဝံ့တဝံ့နန့် ချစ်တေပြောစွာလေ။

ငါမမိပါဝေ ချစ်သူ
နင်စလို့ရီးခိုင်းလိုက်တေ ညနီဆည်းဆာကဗျာတပုဒ်
ငါ့ဘယ်ဖက်ရင်အခန်းမာ တွဲချိတ်ထားလီယင့်။

ငါရှို့နှလုံးသားမာ ပွင့်ဖတ်တိမတင်နိူင်သိကေလေ့
ရင်ဘတ်ချင်းတီးခတ်လိုက်တေ သံစိုင်ချိုမြမူတိ
အချင်းကြိုးထက်မာ ဖြတ်စီးနီကတ်ယင့်လေ။

ငှက်တိအနိမ့်ပျံကတ်ပတ်စီ
ဖြူဖွေးရေမိုးတိမ်မျှင်တိ နားခိုနီကတ်ပတ်စီ
ငါရှို့နှစ်ယောက်လက်ချင်းဆက်လို့
ပင်လယ်ပြင်ကိုကူးခတ်ဖို့ သစ္စာဆိုကတ်မေ။

ခိုင်စံအောင်(အဝကန်)

### ဖော်ဒန်ဘနုမဉာဟန်တိုးမှု

## ကဝေပျိုး့ မာယာ Virus

မျက်ဝန်းနန့်တဆင့်ပြောခသော ဘာသာမဲ့စကား
တရားဝင် ရုပ်သိမ်းလိုက်ပျာလား
ရင်ကိုပစ်ပီးခရေ မျှော်လင့်ချက်
မီးတောက်တခုပိုင် လောင်ကျွမ်း
အဆိပ်သင့် နှလုံးသားမာ
အသိမ်းဆည်းလွန်ရန့်တသင်း
နောက်ကုန်းကိုအခါခါထိုးလို့ အပါးချေကရန်သူပိုင်
ခြောက်လှန့်ခံနီရ။

ကဝေပျိုမချေ အနမ်းနန့်
ဓာက်ပြုခရေ ညည့်တိမာ
မိုးရိပ်ကြားဝင်ပုန်းလားရေ လမင်းစွာ
ငါ့ဇာတာကို စိစစ်ဖို့ ကြိုတင်နိမိတ်ပီးနိူင်မှန်း
အချိန်လွန်နောင်တက သက်သီပါ။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

သူကတော့ကေ အရှက်ပြေအပြုံးနန့်
ကောင်းကင်ထရံမှာ ကြယ်စင်ချိတ်ဆွဲလို့
တည်ကြက်တကောင်နှ လိမ္မာပါးနပ်မှုမျိုးနန့်
ပဥ္စလက်ဆယ့်နှစ်ကြိုး ကကွက်ကို
အကယ်ဒမီ ဇာတ်ဝင်ခန်းအတိုင်း
ပီပီ ပြင်ပြင် သရုပ်ဆောင်ပနာ
ဖြူစင်မှုတိကို မျက်နှာမပျက် စားသုံးလားခရေ။

ဒေအကြောင်းအရာတိကိုရှက်လို့
ဘာသာမပြန်ပျာဆိုမှ
ရက်စွဲအတိအကျနန့် အမှတ်တရတချို့
ထားရာမာမနီပေး ရင်ပြင်တခုလုံးကို ဒုက္ခပီးလွန်းလှရေ။

အို . . .
ကဝေပျိုမချေ
ဆယ့်နှစ်ပင်ကကြိုးကို update တင်
မစာမညှာ ရက်စက်မှုကို ရင်ထဲမာအီးအီးထိုးထည့်
မင်းလက်ဝါးပြင်ထက်က
အချေကစပ်စရာ အရုပ်ချေတရုပ်အဖြစ်
အသုံးတော်ခံခရေ ငါ
တသက်စာမရိုးစင်းလားရေ ခံစားမှုမျိုးနန့်
ရင်နှစ်ခြမ်းကို ပြန်းပြန်းကွဲစီယောင်
ဒေနိဒေအချိန်အထိ ဝင်ကိုက်နီစွာက
ကဝေပျိုနှမာယာ Virus ပိုးတိရာဖြစ်တေ။

မင်းမဟာ { ဝေသာလီ }

## အိမ်ဝီးငှက်ရိုင့ မိုင်တိုင်ကြားက အနာ

ဝီးရှင့်ငှက်အပေါင်းရှိ့အတွက်
ရက်ရာဇာမဆန်သော အိမ်လွမ်းနာနန့်
ခရီးလွန်ခြင်းကစ အထီးကျန်ဆန်ခြင်းဆိုစွာ
သွယ်ဝိုက်ပနာပြောပြော တည့်တည့်ပင်ဆိုဆို
အပါးဆုံးက အဖော်တယောက်ပါ။

ယုံကြည်ချက်မျိုးစိကို တိုင်းတပါးမြီမာ ကြဲဖို့
မိသားစုသိုက်မြုံအာဟာရကို စွန့်ရှုတ်ယင်း
စိတ်ငှဖျားနာခြင်းက ဒါသီကျ
ကိုယ်ပိုင်အမှတ်သား Logo တခုပိုင်
ဆုပ်ကိုင်ထားရရေဘဝ။

အခါခါလဲကျတိုင်း အခါခါပြန်ထ
ကိုယ်လျှောက်နီရေ လမ်းကြောင်းထဲ
နာရီလက်တံ မမှားရယောင်
သည်းခံခြင်းတလုံးကို အမှီယူလို့
လိုအပ်ချက်တခုအတွက် အရာရာရင်းထားရကေလေ့
မမျှတသောဘဝကို သဟဇာတကျကျ အဖြေရှာ
ဖေသာနန့်အိမ်လွမ်းနာ ထပ်တူအချိုးမကျမှန်း
အိမ်ဝီးလူသားတိရာ သိလီဖို့ဆိုစွာ အာမခံပါရေ။

## ဂွ္ဆဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ဇာသူဝီးဖို့စီစပ်လေ မမီးပါကေ့
လူကိုယ်စီ ဘဝကိုယ်စီ သဘာဝသီအိုရီထဲက
ရီကြိုင်ရာ မြက်နုရာကိုချီတက်
ရှိတန်းကစစ်သည်တော်တိပိုင်
သီမင်းကိုလေး ကျင်ကွင်းပြဖူးရေ။

အဘာအမင် ပင်အိုဆည်းဆာမာ
ကျောင်းကန်ဘုရား ပုံမှန်လားနိူင်ဖို့
မိသားစု အပြုံးပန်းချေပွင့်စီနိူင်ဖို့
လူပီသခြင်း အကြောင်းတရားတိထဲက
အလွမ်းနာကို မီးကင်ထားခစွာ
ညီနုံ့ထွက်နီကေတောင် နက်ဖြန်ခါနိုသစ်အတွက်
အားအင်တိ အလိုလိုစီးဝင်စီရေ။

မိသားစု ရစ်သမ်မပါရေ တယောက်တည်းထမင်းဝိုင်း
ခြောက်ကပ်ကပ်အိပ်ရာ ကွယ်ပျောက်နီရေ အပြုံးတိ
ကင်းကွာနီရေ မေတ္တာတရားတိကို
အပိုင်စားထားရရေ အိမ်ဝီးငှက်တိအတွက်
အိမ်ပြန်ချိန် နာရီတလုံးကို
သံပတ်ပီးယင်း ပြန်လမ်းထဲပျံသန်းရကတ်အုံးသိ
တနိုနိုတော့ကေ ရိုးခြီရင်းမာ အိပ်တန်းတက်ကတ်မေ။

မင်းမဟာ{ဝေသာလီ}

## နှင်းရိုင်း

ကိုယ့်ဇာတာစွာ
မသမာသူလက်ထဲမာ နဂိုထည်ပျက်ယင်းပင်
ရိုးမအင်ပါယာကကြယ်စင်တိ တဖြုတ်ဖြုတ်ကြွီကျ
အလင်းတန်းဆိုစွာ
ဆုတောင်းသံတိနန့်တတူ သီဆုံး
ဒုက္ခစုံရာသီတောမာ ဂုဏ်ညှိုးသဇင်ရို့အတွက်
ဇာမျိုးခြားတယောက်လောက် ဗျူဟာအသစ်နန့်
သိက္ခာထပ် မတင်ပီးနိုင်ဖို့လို့လေး။

နှစ်ရာစုကျော် နာရီတလုံးထဲ
အီကွေတာလက်တံရို့ ကမ္ဘာတပတ်ပြည့်တိုင်း
ကန္တာရဆန်သောအနမ်းနန့် လှုပ်နှိုး
အပူပိုင်း ရွက်ပြတ်တောမာ
အစာငတ်ဝံလက်ရို့ ထိုးထွက်ပျံသန်းနီစွာ
"မြို့ကိုချစ်လို့ တီဖြစ်ပတ်စီ"ဆိုစကား
ရိုးရာဆီးဖက်မဝင်နိုင်။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

သျှစ်မျက်နှာအရပ်မာ
အာရက္ခလူသားတိ ပေါ်များလွန်းရေမနား
နံပါတ်စိုင်တပ်ပနာ
အခန်းလိုက်မက်ထားရေ ငါရို့ရှတ်မြောက်လမ်း
နာရီပျက်ထဲက အချိန်တိပိုင် ရုန်းထွက်မရခါ
              ထော ဟိုမာ
ဒီဇမ်ဘာနှင်းစက်ရိုင်းရို့
ပက္ခဒိန်ထက်ကို ခုန်တက်လို့
ကျွန်သရဖူဘွဲ့ကို ထပ်ဆောင်းဖို့
အဆင်သင့် ကြိုဆိုနီလီယင့်
              တောက် . . .!
မိုက်ရိုင်းလိုက်တေ သမိုင်း။ ။။

              မင်းမဟာ{ဝေသာလီ}

**မော်ဒန်အနုပညာဖန်တီးမှု**

## အနားညီ နှလုံးသားများ

ဒေဆောင်းမာလေ့သော
ဂေါ်သဇင်ရို့ အပွင့်နောက်ကျခကေ
ငါပြန်မလာနိုင်ခြင်း အတိတ်နိမိတ်ပြယုဂ်တိပါရာ။

ပန်ပီးခသော ပန်းသဇင်
အားပါးတရနမ်းလို့
အမှတ်တရပြန်ပီးသောအချိန်
မင်းနှလုံးသားကို အပိုင်စားခရမှန်း
သဇင်ကိုနမ်းစွာမဟုတ်
ငါ့နှလုံးသားကို နမ်းစွာမှန်း
မော်ဒန်ဆန်ဆန်ကခုန်နီသောနှလုံးသားက သိခရေ။

အပြောင်းအလဲမြန်ဆန်လွန်းသော
ခေတ်ရီစီးကြောင်းထဲ
တတူတူဟန်ချက်ညီယောင်ရပ်တည်ဖို့အိပ်မက်
တိမ်ညို့ညို့ မိုးကောင်းကင်အောက်မာ
အလင်းတပေါက်မပွင့်လို့
ရောင်စုံသက်တန့်မဖြစ်နိုင်စွာရာ
ပြာလဲ့လဲ့နီယွန်မီးရောင်အောက်မာ
အယ်နီညို ဝင်ပူးနီကျနှလုံးသားအတွက်
မိုးထစောစော ဇာပိုင်အင်အားနန့် သာလေစွဖို့ဝေ။

သဇင်လေ့နွမ်း ငါလေ့လွမ်းနန့်
နိခါးတိကို အစိမ်းလိုက်မျိုချ
တောခြောက်နီရေ မြို့ပြကြားက
ဆောင်းတန်းခါးကို ပြန်ခေါက်ဖို့
မိုးစက်ချေ အနောက်ကို
ရောက်နီရသော အကြောင်းအရင်း
မင်းတယောက်နားလည်နိုင်ကေလေ့
မိုးနန့်တတူ ရောငိုခွင့်
တကြိမ်လောက်တော့ခါ ပီးပါသဇင်။ ။

မင်းမဟာ {ဝေသာလီ}

## အဖရင်ခွင်

ငါရို့ချစ်ရ
အဖ ရင်ခွင်
တော်ဝင် ထီးရိပ်
လောင်မြိုက်ကျွမ်းဆွီး
ပြိုပျက်စီးလေး
နွီးထွီးတုန်းရာ ဟိသိယင့်။

ခိုင်မျိုးလင်း(မြို့ဟောင်း )
မြို့မြောက်ဦးသို့ ရည်ညွှန်းသည်။

## အသျှင်သို့ တိုင်တည်ခြင်း

ရခိုင်သား သတ္တိ
ကမ္ဘာကသိလားပါပျာ အသျှင်
တချိန်က ထွန်းတောက်ခ အာသျှနီဝန်း
ကမ္ဘာတဝှမ်းမာ ရှန်းရှန်းပ,လို့
အသျှင့်ရောင်ဝါ အသျှင့်ကရုဏာ
ကမ္ဘာမာ ဂုထိဟိပါသိရေ။

## မော်ဒန်အနုပညာပန်တီးမှု

ဂရက်ဒေါက် အဂုထွက်လား
ရဲရဲတောက် အသျှင့်စကားသံ
မိုးလုံးနဘံ ဟီးဟီးညံခ
ကြက်သီးတောင် ထမိပါယင့်။

ယေကေလေ့ အသျှင် . . .
စံသူက စံ ခံသူခံ
ကမ္ဘာ့နိယာမ်လို့ ဆိုရပါဖို့လား
သခင်ပြောင်းရေ ကျွန်ဘဝနန့်
အသျှင်ရို့လူမျိုး ဆင်းရဲတောမာ
ခေါက်ရိုး ကျိုးနီတုန်းပါအသျှင်။

သင်္ခန်းစာ ရလိုက်ပါပျာ အသျှင်
အသျှင့်နောက်ကွယ်က
အသျှင်မသိခရေ ယုတ်မာမှုတိကို
အံတုလို့ ခြိုဖျက်ဖို့
တပည့်ရို့ တိုင်တည်ပါယင့်
အာသျှနီဝန်းသခင် အို အသျှင်။ ။

ခိုင်မျိုးလင်း(မြို့ဟောင်း)
(၉.၉.၂၀၁၁)

## ဘဝအက်ဆေး

နိဒါန်း
မိဖ ဆရာရို့ အရိပ်မှာ
အပူအပင်ဆိုစွာ မဟိခ
ဟုတ်တိပတ်တိနန့် ဘဝကိုစခရေ။

စာကိုယ် . . .
ဘဝခရီးဆိုစွာလေ့သော
သရီချောင်းထက်ပင် မာယာများလီယင့်။

ပြန်းစီးကာရဆန်ရေ လောကရီစီးမှာ
ရီလိုက်ငါးလိုက်နန့် ဖြစ်တေပိုင်စီးမျိုး
တသောသော ရီအလျဉ်
ဇာခါပင် အဆုံးသတ်နိုင်ပါဖို့လေး။

နိဂုံး . . .
အောင်မြင်,ယှုံးနိမ့်,သုခ,ဒုက္ခ,ပရအတ္တ
ဒေရသယတိကြားမှာ
ပြောင်မြောက်တေ အက်ဆေးချေတပုဒ်
ငါ လှပယောင် ရီးထုတ်ရဖို့သိ။

ခိုင်မျိုးလင်း(မြို့ဟောင်း )

## ပေါ်ဒန်အနုပညာပန်တီးမှု

### လရောင် တမ်းခြင်း

လက်ဟိဖြစ်ရပ်ကနီ ဖယ်ယှောင်ဖို့ကြိုးစားယင်း
ယောင်တောင်တောင်နန့် ပြန်ပြန်ရောက်နီရေ။

လောကကို အံ့ကြိတ်ပျာပြုံးပြ
မျက်ရည်တိကို ဟာသလုပ်ရစွာလေ့
ပင်ပန်းလိုက်တေပင်။။

ဘဝစွာ လက်ပမ်းကျချင်ချင် ဖြစ်နီရေခါ
နိုက်တင်ဂေးလ်ငှက်ချေရို့ တေးဆိုသံတိလေ့
အယင်ပိုင် မချိုမြိန်လိုက်စွာ ထင်ပါယင့်။

မိုးရိပ်ကြားက လမင်းကြီးကိုကြည့်နီတုန်း
ဖုန်းစပီကာထဲက အသံမြည်လှာရေ
"အဆင် ပြေယင့်လား ငါ့သား" လတ်။

ဟုတ်ပါယင့်
သား ကြိုးစားနီပါရေ အမင် . . . ။။

ခိုင်မျိုးလင်း (မြို့ဟောင်း)

## အလွမ်းနှံ့သင်းသော မှင်စက်တချို့

အကျွန်ုပ်ရင်ဘတ်က ထွက်ကျလာရေအစာ
ကြင်းကြင်းယှင်းယှင်း အလွမ်းနှံ့သင်းပနာ
မောရိယတောကို မျှော်တမ်းဖွဲ့လီရေ။

အထက်တန်းလွှာက စိတ်သန့်အချို့
ကဗျာထဲမာ ငုတ်ဝင်ယင်း
ယိုဖိတ်စီးသမျှ မှင်စက်ရို့နန့် ပျော်နီချင်သူပါ။

တခါတရီ တမ်းတခြင်းတိစွာ
မာယာစင်မြင့်ထက်က ဂဝေပျိုပိုင်
ငါမသိလိုက်သော ခန်းနားခြင်းညည့်ရှည်တိမာ
အပြုံးတုနန့် နှုတ်ဆက်တတ်တေ။

## ပေါ်ဒန်ဘနေပဉ္စပန်တီးမှု

လွမ်းရက်တိကို တန်းစီပလိုက်ခါ
ရသဖမ်း စာမျက်နှာထက်က
အချိန်ဇယား ရာမောင်မြီမာ
ပျော်ဝင်စီးဆင်းခြင်း အနှစ်သာရတိ
ဒေနီ အကျွန်ပိုမလွမ်းကေတောင်မှ
ကာပါယူစကားလုံးတိမဟုတ်ပါ
စိသားကျ မျဉ်းတားပြီးကေ
ဖြေသိမ့်ဖို့ ဇာ ဇာအက္ခရာလေ့ အချော့မလှနိုင်။

ရာမောင်တန်းထားကိုလွမ်းရေ
ရာမောင်သူချေတယောက်
ရင်ဘတ်အနာတိနန့် ဒေမြီမဟာမာ
အလွမ်းရင်ခွင်စွာ ဇာတ်နာခြင်းသဘောတရား
ရာမောင်သူချေကဗျာ
အဆုံးသတ်လိုက်ပါဖို့ပျာ
ဘဝနာချိန်သီးပိုက်ဆွဲသားထက်က
အမင့်အိမ်ကို နိတိုင်းလွမ်းရေ။

ရာမောင်သဇင်(ကျိန်းရိပ်မြီ)

## မိုးဝသန်သို့ တောင်းပန်ခြင်း

ကောင်းကင်တခွင် မိုးရိပ်စင်လို့
ပြာကြင်လှပ နှီကာလမာ
ခေါ်ရသံချို အယ်နီညိုက
မုန်ယိုနိုးထ ခပ်ရွှရွှနန့်
အသာနင်းပျာ ဝင်ရောက်လှာပြီး
ညင်သာသိမ်မွဲ့ မြူဒြိမ့်ဒြိမ့်သံ
တင်ဲ့င်ဲ့ညံ ပူပြင်းဟန်က
ဆွဆွခုန်လောက်ပါလီယင့်။

ဂေါင်းညီးယောင်ပူ သွီးကြောဆူလီ
သူသူငါငါ မနီသာဖြစ်
ရွာပါမျှော်ကိုး ကိုရှိမိုးကို
တောင်းတနီမိပါယင့်ဒေ။

အနောက်တောင်ရပ် ပင်လယ်ဖက်မှ
မည်းနက်မှောင်မှောင် ခိုးငွီရောင်တိ
ရှိရောင်ပြိုပျက် တလက်လက်နန့်
လက်နက်အဖြစ် မိုးကြိုးပစ်လို့
ချွန်းသစ်ဖွင့်ပျာ ဝင်ရောက်လှာင့်။

မျှော်ကိုးရေမိုး အမှန်ဆိုးခါ
စိုက်ပျိုးခင်းပျက် တန်းတားပျက်လို့
တဲပျက်အိမ်ပျက် အခြီပျက်ယောင်

## ဖော်ဒန်ဘနုပဉ္စာမန်တီးမှု

အဆက်မပြတ် ရက်စက်တတ်သူ
လမ်းတကာလေး ရီလွှာဖွေးကေ
လားရေးကျပ်တည်း မျက်ရည်ဝဲရ
မိုးထဲလီထဲ ဒုက္ခထဲမာ
နစ်မြဲနစ်နီ ဘဝခြီတိ
အို . . .
ကိုရှိမိုးညိုတချက် ရွာသွန်းချလိုက်ပါဖိ။ ။။

ရာမောင်သဇင်(ကျိန်းရိပ်မြို )

## ငယ်ကွ မ်းဆီ့သို့

ရင်မှာမွန်းကျပ်လို့ လွမ်းထပ်ဆင့်တေ ဒေဝေဒနာတိ
ပြင်းထန်လွန်းပါရေဝေ ငယ်ကျွမ်း။

အောင့်မိသတိတရနန့်
လွမ်းရက်ရှည် နိရက်တိကို
ရှီတွက်နီရေဆိုစွာ သိပါစီငယ်ကျွမ်း။

မမိဝ့ံပါ ငယ်ကျွမ်းချေ
ကြင်နာမှု အပြည့်နန့် မင်းကိုလေ
ထာဝရထက် တရက်ပိုလွမ်းရေ။

ရင်မှာလီးလံ လှိုင်းဒဏ်တိုက်စား
အလွမ်းများစွာ ပဲ့ကြွီလားလေ့
လွမ်းနီတုန်းပါ ငယ်ကျွမ်း။

ရင်ထဲ အသည်းထဲကငယ်ကျွမ်း
အချစ်ရဆုံးငယ်ကျွမ်း
နှလုံးသားနယ်ပယ်မာ မဟောင်းနွမ်းပါ
မပြောင်းလဲပါ
တမ်းတရက်ဆက် မုန်းဖို့ခက်တေ
ချစ်ငယ်ကျွမ်းချေဝေ။ ။

ရာမောင်သဇင်(ကျိန်းရိပ်မြို)

**မော်ဒန်အနုပညာဖန်တီးမှု**

## ပင်အိုအလွမ်း

ပင်အိုကိုင်းဖျား နားရေငှက်ချေ
သူတကိုယ်စာ အလှကြွယ်ကေလေ့
ပင်ခြောက်ငယ်က ကျည်းတန်ရုပ်ဆိုးနီလီခါ
ဂုဏ်ဟိန်ညှိုးရရေဝေ။

မင်းခိုနားချိန် ငါ့ရင်ကို
အသာချေဖက် တယုတယနန့်
အားသစ်တိုးဖို့ အလင်းပီးချင်ရေ။

ယေပင်ယေလေ့သော
သဘာဝအလျှောက် နိညည့်တိကူးပြောင်း
လီပွီရိုင်းရို့ထန်ရေခါ
မင်းစွာ ပင်ခြောက်ကဇကုန် အဟုန်နန့်
ငါ့ရင်ကိုခြီကန် လီဟုန်စံဖို့
ဟိုး . . . အဝီးထိပျံတက်လားရေ။

ငါ့မာတော့ကေ ရင်မာမချိမနာနန့်
နီအပူ လီထူထူကြားမာ
အလွမ်းသံသရာ ရှည်လို့ကျန်ဟိခရပျာဝေ။ ။။

ရာမောင်သဇင်(ကျိန်းရိပ်မြို)

## ငယ်ဘဝကို ပြန်လှန်ကြည့်ခြင်း ( အက်ဆေး )

သုံးခြမ်းကွဲနီရေ ငယ်ဘဝအပ်ကြောင်းကို
အမှောင်ကမ္ဘာ တန်းခါးဝမာ ဘာမေတင်တလုံးအဖြစ်
လူမြင်ကွင်းကိုထုတ် အန်ချပြကြည့်ရေခါ။ ဂေါင်းထဲကို
မြောက်ဦးမြို့ အစိမ်းရွှမ်းရွှမ်း ကြွီဆင်းပါလတ်တေ။

( ၁ )

"သျှင် ပညာဇောတဓလတ်။ မောဟနန့်လူ တန်းတူကြီးသူ အမိအိမ်က နို့ပုလင်းကို လက်ပြန်ဝဲထွက်လှာရေ။ ကိုယ်နန့် မာနခြီရာရို့ ရာသီအတိုင်းရှင့်ယင်းပင် (ရွှေကျင် နိကာယ ပရိယတ္တိ စာသင်တိုက် ) မာ ယုတ္တိဟိဟိ ရှိကျင်ဖူးခသူရို့နန့် ပိုးကျလောက်ကိုက် ကင်းစွန်းရွှက်ကို အစာအိမ်မာ ဓာက်စာ ထည့်လို့ သူမ္ဘိ ကိုယ်မြည်း ထမင်းပေါင်းစားရစွာလေ့ မပျော် ပြီးယင်း ခြီင်ယင်း။ မယူနဒီနှတ်ခွမ်းဖျား ကကြက်တိုက်မုန့်စွဲ သလောက် ကားလမ်းမမြင်ဖူးရေမြို့။ဒုံနာနန့်ဆို ဝေလာဝီး။ မစည်ကားခြင်းလမ်းဆုံက သားသီ မုဆိုးမ (သူခိုးတိ တဆိ ကေ သောင်းကျန်းရေမြို့)အပြင်ခွံ အာဟာရဖြစ်သလောက် စီးကွက်မြို့ပြထဲ နပ်မမှန်ရေ "ရသေ့တောင်မြို့ငှ မဂ်လာဦး ညမာ ပဋ္ဌမလင် နန့်ကွာယှင်းဖြစ်လိုက်ခလီပါရေ။

( ၂ )

ချပိုးနီရာ ချပက်နန့်တန်မှန်း အစကပင် တွက်ခြစ်ထားခ ကေလေ့ ဂနာမငြိမ်ရေ ဗီဇကို ဒုတိယစာမျက်နှာရောက်မှ ထပ်လှန်ကြည့်မိလီခါ။ ရာဇဝင်ထဲက စစ်တဲကျွန်းရိုင်း။

,English,နန့်သန္ဒေတည် လှာရေမြို့။ ဘဂ်လားပင်လယ် အော်က အညစ်အကြေးတိကို ဆီးကြောလျှော်ဖွပ်ယင်း ခေတ်ပြီးစည်းအတိုင်း ခြီလျင်တတ် တေမြို့။ ကိုရီးယားနိုင်ငံက ပေါင်ကွဲချက်ပေါ် ,Style,တိနန့် ခေတ်မွီ,Center,တိ မွီးထုတ်ထားရေ မြို့။ ယင်းမြို့ ယင်းမြို့ ပွိုင့်ပန်းချီမာ ,Be er,ခွံတိ မရိုမသီ ပုံလို့ အညောင်းဖြယ်ဆိုင်သစ် မြီနုရေ မြို့ စစ်တွေ့။ ယင်းမာ (မဏိရတနာ ပရိယတ္တိ စာသင်တိုက်) ဆိုင်းပါယောင်ရပ်လို့ ပညာတော်သင်ရပ်ဝန်းဟိရေ။ ရည်ရွယ်ရာကို စားသုံးယင်း အချီးပေါက်ပေါက်ခြီထောက်တိ အားယူဖူးမုံလို့ တွားတက် နီလီကတ်တေပ့ါ။ ဆိုခါ ရက်ပေါင်းခနစ်ရာလောက် ရွာကြီး တောင်ရပ်ကွက်နန့် စစ်တွေ ပဒေသရာဇ်မာ တောကစပ်ပစ်လိုက်စွာ နှစ်နှစ်ဆိုရေ သမယကိုတောင် ခလုံးသတ်ပစ်လိုက် ပါရေ။ ပညာမရခ ခြီကန်ထွက်လှာဖို့စိတ်ကို ဇကုန်ရှင့်ပစ် လိုက်စွာ မုတ်သုန်အလာ နန့် ဟိုး၊၊၊ နဂါးမောက်ဖက်ကို ခရီး ကြုံရာလိုက်ပါ လားလီ ရေ။

( ၃ )

ယင်းပိုင်နန့်"ပညာဇောတ"ကို အားနာလားခပါယာ။ ဖြစ်ချင်စွာရေ မဖြစ်ခွင့်တိမှန်း ဓမ္မတာကသင်ပြပီးလို့ သိဟိခရေ။ ဖန်တီးမှုလား ကျရောက်မှုလား နှင်းဝီဝီရွက်ကြွီတောမာ စကားပုံတခု ဇာကမျက်စိလည်လမ်းမှားလာလေမသိ ဖြစ်ချင်းဖြစ်ကိုယ့်အိတ်နန့် ပိုမိုက်တေ ဆိုလား ဇာဆိုလေး။ အထူး ထူးဆင်သောက်မြောင်က နပျိုဖူးရို့ မိသားစုဝင်တိပါ။ ဘ ဝကတတိယရာသီကို ဖြေဆိုလီရေ။ ယင်းမာ (မဟာပညာသီဟာရာမ ပရိယတ္တိ စာသင်တိုက် ) ဟိရာ ခေတ်ကြီး

လေးခေတ်ရို့သားထွီးဖြစ်တေ ဇာမြို့လေးမြို့ခေတ်ဇ္ဇနောက် ဆုံးမျိုးဆက် အမွိကိုဆက်ခံထားရေ မြို့။ နိုင်ငံရီးအန်ဖတ်တိ နန့် နိတိုင်းရန်ဖြစ်ရရေ မြို့။ "သ ဇင် ပန်း ခိုင် တမြိုင်မြိုင် "ပဟေဋ္ဌိကီးကို လက်ညှိုးထိုးပြနီရေ မြို့။ လောင်းကြက်နန်း က မင်းစောမွန် တီထွင်ရီးယန္တရားနန့် တိုင်ထူဆီး သွင်းခရေ မြို့။ ဘုရားပုထိုး ဂုန်ထွက်သလောက် အဆောက်အဦးတိ ဂြင်းချီးကပ်နီရေ မြို့။ အညွှိထူထူနန့် သစ်သီးဝလံတိုက်ကုန် ကုမ္ပဏီတိမကန် ဟိရေမြို့။ ယင်းမြို့ ယင်းမြို့ ယင်းမြို့စွာ အဥ္စန မျက်ခုံးထက်မာ လမ်းလျှောက်နီရေ မြောက်ဦးမြို့။
( အဂ္ဂမဟာန္ဒာဝါစက ပဏ္ဍိတ " အဂ္ဂမဟာ ပဏ္ဍိတ) ဘွဲ့တော် တံဆိပ်ပိုင်သျှင် ဆရာတော် အဖိုးသျှင်နန့် အဘောင် မရို့ အနောက်ဖက်ကန်ပေါင်မာ တတူမျက်နှာသစ် လာသူ တိ။ နဂါးမောက်က ကြယ်လောင်းဆန်နီသျှေအာ ဟာရကို ကောင်းကောင်းသတိရသိရေ လတ်။ ငါးယက်ဖြူကို လွမ်း တတ်တေ အဖိုးသျှင်မျက်နှာအောက်မာ ပညာနို့ တကန်စို့ဖို့ ရည်ရွယ်ချက်နန့်ရာ။ ယေရာလေ့ ပိုစ့်မော်ဒန်ကို ပိုနှစ်သက် တေလူပီပီ ရွတ်လပ်ပေါ့ပါးချင်မှုတော့ကေ သီဖို့အစ ဖျားပီး ဖို့ကျရေပ့ါ။
ဗဟိုသံဃာ့ဝန်ဆောင် အရီးအရာက "ပညာဇောတ"ကို အ ရီခွာဖို့ လမ်းပြလိုက်တေပိုင်။ အဖိုးသျှင် ရန်ကုန်ကမ္ဘာ့ေးမာ ရုံးထိုင်နီတုန်း သက်န်းကပူလှာရေ။ ဘဝပြောင်းရေနိ အဖိုး သျှင်တောင် မသိ၊ မကြား၊ မမြင်၊ မဟိခပါ။ အဖိုးသျှင် ပြန် ရောက်လှာရေနိ အဖိုးသျှင်မျက်နှာမာ ဒီဇမ်ဘာမိုးသောက် အောက်တို့ လားခရေ။ အကျွန်လေ့သော နောင်တတပုံကို ထမ်းယင်းပင် လောကခံမြောင်ထဲက ခြင်းရွတ်ပါ အဖိုးသျှင် လို့ တခါသျှေ မပြောဖူးခရေ ယစ်ဖွယ်သျှေကို ခြင်းရွတ်ပါ

## ဖော်ဒ်အနုပညာဖန်တီးမှု

လီ အဖိုးသျှင်။
ဂေုဆို လက်ဟိပိုင်ဆိုင်ထားသော စက္ကန့်တိမာ ဒေါ်မနသ နန့် စီးချင်းထိုး။ အသိုးနုံ့လွှမ်းရေ ကုလားနိုင်ငံမာ ခြီအနီကျ ကျနန့် ကောက်စားလို့ရူးမိုက်စွာ ချိုပြတတ်လားပါပျာ။ ငယ် ဘဝအပ်ကြောင်းကို ပြန်လှန်မိကေ ကိုယ့်ထက် နောင်တက အသာရစွာတော့ခါ မငြင်းပါရစီကေ့ဖိ။ အေးလေ ဇာဖြစ် ဖြစ် ဘဝကဖြားတိုင်ပါပျာကို။ သွီးလည်နီသရှိတော့ကေ လားယင်း လားယင်း . . .

သာစွလေ

ခိုင်မျိုးသန့်(နဂါးမောက်)

# Album Notes

မလေးယှားနိုင်ငံ့ ပထဝီကန္တာရစွာ
နဂါးမောက်ပဒေသရာဇ်လောက် ကိုယ်သင်းနံ့ မမွှီး
ယေကေလေ့ . . .
တသက်စာမဟိခါ တနပ်စာနန့် ကြီနပ်ရစွာပင်
အလှုတမျိုးလို့ ကောက်ချက်ချချင်ရေ။

ကိုယ့်ဘဝကို ဇာကီးနန့်ရော့ခ်ဖောက်ဖောက်
မပြည့်စုံသံစွာ အရောင်းရဆုံး စီးရီးဖြစ်တေ။

အစည်ကားဆုံး ပွဲလမ်းသဘင်မာ
အရှည်လျှားဆုံးက သံသရာနိစ္စဲတိပါ
ကိုယ်ဝတ်ထားရေဘဝစွာ
လောက်သောသောနန့် ဟင်းဆိုးတည္ဂနံ့မှန်းသိခါ
လူတိသူတိ ချောင်းကြည့်လတ်မေကြောက်တေ။

ပတ်ဝန်းကျင်ငှ့ မျက်လွှာအတွင်းသားစွာ
အသပြာတံဆိပ်ကပ်လို့
ညှီနံ့ထိုးရေဒေအကောင်တိကို
အသာစီးကနီ အထာပီးပြရေ။

ဖုန်းပြောတိုင်း ချစ်သူကဒေပိုင်စီပြောရေ
ဂုဏ်ခဆိုစွာ  ပုံ"ပိုင်မတီးပဲနန့်
အသံထွက်တေ လက်နားပါ ခအိုချေ လတ်။

## ဖော်ဒန်အနုပညာဖန်တီးမှု

ယေကေ ချစ်သူဝေ . . .
အောင်မြင်ခြင်းကို
သိကြားမင်း ဆန်တာမာလားဝယ်ကေ ရနိူင်ဖို့လား
ချစ်သူနူတ်ခွမ်းမာ အသံတန်းလန်းနန့် ယောဂနံ့ နံလားရေ
သီချာစွာကတော့ကေ
ဒေအကောင်ဘကို  သူ အနက်ဖွင့်နီလီဖို့။

ဒဏ်ရာဆိုရေအမိပ္ပာယ်မာ ကိုယ့်အာဟာရနန့်ကိုယ်
ဖီလင်ပါရေ ကဗျာတပုဒ်ဆိုစွာ မင်းသိစီချင်လိုက်တေ။

ခိုင်မျိုးသန့်(နဂါးမောက် )

## နိုင်ငံခြားရောက် ချစ်သူ

ဆည်းဆာပျိုစီးလှာသော ဖုတ်သားရထား
ရာသီလမ်းမှား နားထင်တပြန်စာမာ
နင်နန့်ငါတလမ်းစီခြာရေ။

ယင်းနို
ပျော်ဂေဟာညည့်သဘင်ခန်းအလယ်
မှော်ပညာ ဇာတာငယ်ရို့ကြောင့်
နင်နန့်ငါ ဂေါ်သဟာမဖြစ်နှိုင်ခ။

ဘယကုံးနန့် ဝယအလယ်ကြား
နိယာမ စည်းကိုမတားဝံ့လီခါ
နင်နန့်ငါ ယူဇနာဆယ်ရာလောက်ကွာဟလီရေ။

ရာဇဝင်မဆန်ပုံ လက်ကျန်အန်ဖတ်စချေတိနန့် တတူ
တစက္ကန့်ကို နှစ်ပိုင်းပိုင်းလို့ တပိုင်းဖို့တောင်
မမိချင်ရေစိတ်နန့်
ကိုယ်ရို့အဇ္ဈတ္တထဲ ရွှတ်ထွက်လားပြီးရေ အတိတ်မြို့တော်စွာ
မော်ဒန်ကဗျာတပုဒ်အဖြစ် သန္ဓေတည်လို့
အလွမ်းမျှင်ချေတိကို အရိုးတခြား အသားတခြားစီလို့
ဝီးခြီရာစွာ ပက္ခဒိန်သုံးရွှတ်ထက်ကို ခုန်တက်လို့
ပြန်ဆုံချိန်စွာ နာရီအသီတလုံးနားမာထိုင်လို့
နှစ်ပင်လိမ်သီအိုရီစွာ ဝေဒနာမြစ်မာပက်လက်မျှိုးလို့။
လို့ . . . လို့ . . . လို့ . . . လို့ . . . လို့ . . .

## မော်ဒန်အနုပညာဖန်တီးမှု

လို့တိမကန်တကန်ဖြည့်ယင်း
ဒေကဗျာကို ကမ္ဗည်းလောင်းဖို့
ဂန္ထဝင်ကကြိုး စုပေါင်းကဗျာစာအုပ်မှာ
မင်းအတွက် ထည့်ပီးလိုက်ပါမေဝေ။

လွမ်းခြင်းတကျော့နန့် မင်းပါးပြင်ကို
တွက်ခြစ်ကုသကြည့်ကေ
ဆောင်းတရာ အငွိပြန့်သော သံယောဇဉ်
ချို့မြိန်သာယာသော အနမ်းပန်း
သိမ်မွိစွာသင်းခသော နားလည်မှု
ရှုထောင့်စုံမြင်တတ်သော မေတ္တာမျက်ဝန်း
ကျောက်တောင်ပိုင် ခိုင်မာသော သစ္စာသျှင်မ
မရှိတွက်ကြည့်မိသော အကြင်နာမှုန်ချပ်ပေါင်း
သူ့အသက်ပိုင်ချစ်တေ လတ်
ကောင်းကောင်းချစ်တေ လတ်
နှင်းဆီဖူးနှုတ်ခွမ်းက လျှံထွက်နီသော
နို့ရည်ပြည့်တင်း မိခင်သားမြတ်ပိုင်
တဖြောင့်တဖြူးပြောရေ
ဒုပြည့်တင်းပြည့်ယုံဖို့ ကောင်းလိုက်တေ ချစ်သူ
သွီးမတော်ပဲ နွီးစီရေ ရင်ခွင်
သားမစပ်ကေလေ့ ထားဖို့ခက်တေ ရင်ခွင်
မင်းယုယမှုတိစွာ သံသရာဇာအထိ လှပဖို့လေး ချစ်သူ။

ရင်နှစ်စုံလုံး သံထည်သံစဖြစ်ကေလေ့
ပန်းဖဲလက်တို့မဝင်ဖူးရေခါ တန်ဖို့ကြီးမျက်ရည်တိက
ငါ့ကိုနှုတ်ဆက် အပြုံးနန့်ဖြယ်သိမ့်ချိန်

မင်းလျှာဖျားမာ အကြောင်းပြချက်တချို့
ပျားရည်ဆမ်းလို့ ယုံကြည်ရာကို ဖော်ညွှန်းနီလီရေ။

အင်း စိတ်ချပါမေချစ်သူ
ပကတိဖြူစင်ခြင်းက မင်းမြတ်နိုးရေ
သဇင်တံချေတိဖြစ်ပါလီ
မပြောင်းလဲရေ တကြောင်းတည်း စိတ်ဓာက်က
မင်းတန်ဖိုးထားရေ ရိုးရာတခုဖြစ်ပါလီ
မင်းဆံနွယ်ချေက ငါရို့အချစ်တိဖြစ်ပါလီဝေ
တနိုနိုမင်းအပြန်လမ်းက
အပြုံးတိနန့် အဆုံးသတ်ဖို့ ငါစောင့်နီလီပါမေ။ ။။

ခိုင်မျိုးသန့် (နဂါးမောက်)

## အချစ်ဦး (၃)

သတိရခြင်းထဲ
သကြဇ်တိကို ရောဖျော်ထည့်ပလိုက်ခါ
အမင့်အတွက်
လေးနှစ်စာ ကန်တော့ပန်းတခင်းပွင့်ရေ
ဂုဏ်တော်ရနံ့တီပါလို့
"၂၀၁၅"ကထက် အလွမ်းတိပိုပို မွှီးရေ။

ကမ္ဘာဦးသီအိုရီ ကရုဏာဝါဒီကို မသိ
အမင့်အနမ်းကြိုင်ပုံကို သံသရာအဆုံးထိမှတ်မိရေ
ယေနန့်
ညကထက်ချစ်တေ။

ဘဒ္ဒတကမ္ဘာ အမုန်းဆန်ကေတောင်
အမင့်အပြုံးတိ စုန်ပါလီ
ယေနန့်
အမင်ပျော်ပါလီ။ ။

ခိုင်မျိုးသန့် (နဂါးမောက်)

## ဆုံမှတ်

ဂန္ထဝင်မြို့သားပြင်ထက်
ရင်နာစရာ ဇာတ်လမ်းတိ ခင်းကျင်း
ရိုးမတောင်ခြီတရိုးစွာ
နှီတခေါင်ခေါင်နန့်
အာကာ တလတ်မာ မိုးခြည်ပြတ်နီခါ
သံချိုဉသြရို့လေ့
အာခြောက်လို့ ဟိနီလီယင့် ။

မိုင်ထောင်ချီခရီး ဝီးနီရရေ ငါရို့တိစွာ
ဒေမြီပြင်မာ ခြီချဖို့
ဒေမြီပြင်ကို အလှဆင်ဖို့
ဒေမြီပြင်ကို ပြန်ယူဖို့ . . ဖို့ . . ဖို့ . . ဖို့
နယ်မြီခြားမာ ဉသြတိပိုင် သံပြိုင်ချလို့
ဒိုင်ယာရီဆန်နီစွာ မဟုတ်ယေ။

ဘုံမိမြီစွာ သာကီဝင်မျိုးရို့
ထီးနန်းစိုင်ဆက် ဘိတ်သိက်သွင်းခရေမြီ
ရှီသားအတိနန့် ခင်းကျင်းထားခရေမြီ
ယင်းမြီစွာ အဖိုး အဖီး ဇူဇာ ပိုင်ခရေမြီ
ငါရို့တိအားလုံး ပိုင်ရေမြီ
အေဂု ဒွိဟတိ တယောက်တကြောင်း
ယောင်နီကတ်တေခါ
ယင်းမြီပြင်မာ စီကရက်အနံ့နန့် ပုလင်းခွံတိပုံလို့
သုံးရာသီလုံး အပူမိလို့ ဟိနီလီယင့်။

ငါရို့တိ ကိုယ်ခန္ဓာမာ ဗွီတရာပါနီပက်စီ အားငယ်ဖို့မလို
ငါရို့တိ နဖူးတည့်တည့်မာ ကြာပွင့်ပါပြီးသား
ယင်းကြာပွင့်စွာ
လေးဝတီဆိုရေ စည်းလုံးမှု အောင်လံကို တံဆိပ်တပ်လို့
ဝတီပျိုရို့သောင်အကပ်မာ ဘောင်ကွပ်လို့
ဂုဏ္ဍဝင် မြီသားပြင်ထက် ဆုံမှတ် ချဖို့အတွက်
ငါရို့တိ‌ငှ သမိုင်းနောက်ခံ အမှတ်တံဆိပ်စွာ
ငါရို့တိ နဖူးတည့်တည့်မာတပ်လို့ ပါပြီးသားယေ။ ။။

သျှင်ထွီး{ယိုးမြီ}

## စက္ကန့်ပျို့ ရင်ခုန်နှုန်း အလွမ်းတရားခံ

တေးမစီရသိသော တယောပျို့တလက်ဇ့
ကြိုးပြတ် သံစဉ်ထဲ
မှုံဝါးဝါးအပြုံးချေ တချက်နန့်
ဆွဲခေါ်လှာသော မာယာသခင်ဇ့ မျက်ဝန်း
ခြိဖျက်ခံလိုက်ရသော ပန်းတခင်းဇ့ ငိုကြွီးသံ
(၂၄) နာရီ လည်ပတ်မှုထဲ ငိုခြင်းကောက်နီသော
စက္ကန့်ပျို့ ရင်ခုန်နှုန်းစွာ
သီရာပါ ဝေဒနာ တထမ်းနန့်
အကြင်နာ လမ်းတိ ခင်းနီတုန်းပါလေ။

အပြုံးမပျက်ပါ
မင်းလုပ်သမျှ ဂေါင်းငုံ့ခံနီရေ ငါ့မျက်ဝန်းအိမ်ထဲမာ
တမာ မိုးခါး ထပ်မရွာပါကေ့ဖိဝေ
လီလာရာ ရှင့်မျိုးနီသော ကောက်စရီပိုင်
စမ်းသီတာမာ အသင့်အဆန်မျိုးယင်း
ညှိုးနွမ်းနီသော ငါ့ မျက်ဝန်းအိမ်ထဲမာ
လတခါ ပြင်ပြင် ပပါရစီဝေ။

နှင်းငတ်တေ နှလုံးသားတစုံဇ့ ရာသီပျို့စွာ
ကန္တာရ သဲပြင်မာ ရီကြိုင်တပေါက်
သောက်သုံးခွင့် မရနိူင်ကေတောင်
မာယာမိုးရီတော့ခါ ငါထပ်မသောက်ပါရစီကေ့ဖိဝေ
ဇာဖြစ်လို့ ဆိုခကေ

## မော်ဒန်အနုပညာဖန်တီးမှု

ငါ့ ရင်ဝှက်ပန်းဥယျာဉ်မှာ
မင်း ပျိုးပီးခရေ မာယာပန်းတိ
မညှိုးနွမ်းနိုင်သိလို့ပါ။

အမှန်ရာ အကြင်နာပိုလို့
မင်းငါ့ကို တမ်းတနီရေ ဆိုကေတောင်မှ
မင်းခြိုဖျက်ခရေ ငါ့ ရင်ထဲကရင်ခုန်နှုန်း စက္ကန့်တိကို
အကြင်နာလမ်း ထပ်မခင်းပီးပါရစီကေ့ဖိဝေ
တမာလမ်းမာ ငါ ဆက်မလျှောက်ချင်စွာ အမှန်ပါ။

သောင်တင်ငါးပိုင်
မေတ္တာငတ် နှလုံးသားတစုံကို
မင်း စမ်းရီပြင်မာ ကူးခတ်ခွင့်ရာပြုခပါကေ
မင်းစွာ
စက္ကန့်ပျို့ ရင်ခုံနှုန်းအလွမ်းတရားခံ
ဖြစ်လီဖို့ မဟုတ်ယေ။ ။

သျှင်ထွီး (ယိုးမြို)

## သဇင်ချေသို့ မှာတမ်း

မှုံဝါးဝါးအတွေးချေတခု ငါ့ရှိကဖြတ်ပြီးလားခရေအချိန်
အိပ်မရညည့်ပေါင်းများစွာနန့် ယင်းညည့်မှာ
ငါစွာ
သူငယ်ချင်းပြုလို့
အမင် ချော့သိပ်ခရေ သာခြင်းသံအချို့
ဂေုထိ ကြားယောင်နီတုန်းပါ အမင်။

စွဲလမ်းမှုတခုကို ပိုင်ဆိုင်ခွင့်ရဖို့ဆိုပါကေ
ငါစွာရေ အဘာ ပက်ခုံးထက်ကို
ဂေုထိ တမ်းတနီတုန်းသိပ်ပါ
အမင့် ရင်ခွင်ကိုမဝ့်ဝံခွဲလို့
ရိုးမတောင်ကို ဖြတ်မကျော်ခင်ပ့်ယေ
ငါ့ အင်အားတိကို အမင့်ရင်ခွင်မာချော့ပျာသိပ်
မဝ့်တဝ့်ရိုးမတောင်ကို အဂေါင့်နဂေါင့်ဖြတ်ကျော်စွာပါ။

စိတ်မပါရေ အရပ်မာ ရက်ပေါင်းများကို
ဖြတ်ကျော်နိုင်ခကေလေ့
ဟောင်းနွမ်းခရေ ပက္ခဒိန်တိကြားမာ
ဝဲပျံနီရေ ငါ့အိပ်မက်တိ ဂေုထိ အရွယ်မရောက်နိုင်ပါသိ
နောင်အရီးကို တွေးမိတိုင်း ရင်ညောင်းမိစွာ အမှန်ပါလေ။

တချက်ချေ ပြုံးနိုင်ရုံလောက်နန့် တလောကလုံး မလင်းစီနိုင်
မွန်းကျပ်မှုစိတ်တိ မှောင်မိုက်ချိန်မာ

## မော်ဒန်အနုပညာပန်တိုးမှု

သော်တာချေ အလင်းမဟိရေ ငါ့ဘဝကို
မင်းက မျက်ကွယ်ပြုထားနိုင်ရေနှန်း။

အမှန်က ငါစွာရီကြိုင်တပေါက်
သောက်သုံးချင်ရေဆန္ဒတခုနန့်
စိတ်မပါရေ ကိုယ်ခန္ဓာကို
နီသားမကျရေ ရင်ခွင်မာ ချော့သိပ်ယင်း
အလိုမတူရေအရပ်မာ ငါ့ဘဝကို
ကဗျာနန့် အပြုံးဆင်ကြီနပ်နီမိစွာပျာယေ။ ။

သျှင်ထွီး (ယိုးမြို)

ဂျွဝင်ကကြီးနန့် မော်ဒန်ကုထုံး

## စိတ်နန့်ကိုယ် ဥပေက္ခာပြုထားသော အရပ်

မှုန်ဝါးဝါးအတွေးချေတခု ငါ့ရှိကဖြတ်ဖြီးလားခရေအချိန်
အိပ်မရညည့်ပေါင်းများစွာနန့် ယင်းညည့်မာ
ငါစွာ သူငယ်ချင်းပြုလို့
အမင် ချော့သိပ်ခရေ သာခြင်းသံတချို့
ဇေထိ ကြားယောင်နီတုန်းပါ အမင်။

စွဲလမ်းမှုတခုကို ပိုင်ဆိုင်ခွင့်ရဖို့ဆိုပါကေ
ငါစွာရေ အဘာ ပက်ခုံးထက်ကို
ဇေထိ တမ်းတနီတုန်းသိပါ
အမင့်ရင်ခွင်ကို မဝှံ့တဝှံ့ခွဲလို့
ရိုးမတောင်ကို ဖြတ်မကျော်ခင်ပဲ့ယေ
ငါ့ အင်အားတိကို အမင့်ရင်ခွင်မာချော့ပျာသိပ်
မဝှံ့တဝှံ့ ရိုးမတောင်ကို အငေါင့်နငေါင့်ဖြတ်ကျော်စွာပါ။

စိတ်မပါရေ အရပ်မာ ရက်ပေါင်းများကို
ဖြတ်ကျော်နိုင်ခကေလေ့
ဟောင်းနွမ်းခရေ ပက္ခဒိန်တိကြားမာ
ဝဲပျံနီရေ ငါ့အိမ်မက်တိ ဇေထိ အရွယ်မရောက်နိုင်ပါသိ
နောင်အရီးကို တွေးမိတိုင်း ရင်ညောင်းမိစွာ အမှန်ပါလေ။

တချက်ချေ ပြုံးနိုင်ရုံလောက်နန့် တလောကလုံး မလင်းစီနိုင်
မွန်းကျပ်မှုစိတ်တိ မှောင်မိုက်ချိန်မာ
သော်တာချေ အလင်းမဟိရေ ငါ့ဘဝကို
မင်းက မျက်ကွယ်ပြုထားနိုင်ရေနှန်း။

## မော်ဒန်အနုပညာဖန်တီးမှု

အမှန်က ငါစွာရှိကြိုင်တပေါက်
သောက်သုံးချင်ရေဆန္ဒတခုနန့်
စိတ်မပါရေ ကိုယ်ခန္ဓာကို
နီသားမကျရေ ရင်ခွင်မာ ချော့သိပ်ယင်း
အလိုမတူရေအရပ်မာ ငါ့ဘဝကို
ကဗျာနန့် အပြုံးဆင်ကြီနပ်နီမိစွာပျာယေ။

သျှင်ထွီး (ယိုးမြို)

## အတ္တကဗျာ

လောဘကို အဖော်ပြုလို့ . . .
အတ္တအပြည့်နန့် ရီးထားရေ ကဗျာတပုဒ်
နာမည်ရဖို့စွာတခုတည်းကို ရည်စူးထား
မိုးလင်းခါပီးမေ ယင်းနာမည်ကို။

ဒေါသကို ဖိတ်ခေါ်ပျာ . . .
အတ္တအပြည့်နန့် ရီးထားရေ ကဗျာတပုဒ်
တာဝန်မကျိရေ အသုံးအနှုန်းတိနန့် ရန်ခံ
ငြိမ်းချင်းမှုကို နားမလည်ရေသဘော။

မောဟကို သတိမထားပဲ . . .
အတ္တအပြည့်နန့် ရီးထားရေ ကဗျာတပုဒ်
သိုင်ခေါင်ကျော်လားစွာကို မသိလိုက်
အမှောင်ကမ္ဘာ လမ်းလျှောက်ကျင့် ဆင်ကန်းပိုင်။

မာနကို ရှိတန်းတင်ပျာ . . .
အတ္တအပြည့်နန့် ရီးထားရေ ကဗျာတပုဒ်
သင်ခန်းစာတခု ရပါစီကြောင်းနန့်ဖတ်ကြည့်
ရသလား သုတလား ဇဝေဇဝါထွီပြား။

## ပေါ်ဒန်ဒနုပညာဖန်တီးမှု

နိဝါတကို ခြိုက်လို့ . . .
အတ္တအပြည့်နန့် ရီးထားရေ ကဗျာတပုဒ်
ကမ်းသားဖျက်တေ ခရုပိုင် စာပီကိုနှောင့်ချက်
"ငါ" ဆိုရေနာမ်စားကို မိုးထိုးယောင်သုံးထားရေ။

လိုချင်စွာတခုကိုသိချင်ရေ ဆန္ဒ
အဖြေရဖို့လားလို့ စိုင်းစားပနာ
ရိုးရိုးသားသားနန့် ဆွေးနွေးကြည့်ရေ
ရလှာရေ ရလဒ်က နှောင်တ။ ။။

စံလင်း (ဦးရာဇ်မြို)

## ငါ့အမှား

လှပရေစပါးရှိဝါ မိုးမများပဲနန့်
အင်းဆက်ပိုးတိကျရောက်နီကတ်တေ
ကျီးမိုက်တရှိထိုးသုတ်လို့
ဒေါင်းအထင်နန့် ရပ်ကြည့်ယင်း
ငါ့မာ မျက်ကြိုင်လွှာမကောင်းစွာကို
ငါသတိထားမိလိုက်တေ။

ကျီးခါးရို့ဆိုရေသာခြင်း ငါ့နားမာချိုသာလို့
လင်းတရွှတ်တေကဗျာ ငါစာသဖူးခရေ
မိုးကြိုးငွေ့အသံ ငါ့ဝမ်းမာလာဆောင့်လို့
နဖာချီးပြည့်နီရေငါ့နား
သနားဖို့ကောင်းလိုက်တေနှန်း။

ငါ့မိသားစု ညီကိုမောင်နှမရို့
ရှိပုံကိုခုထိုင်ယင်း ရှိနန်းမစံနိုင်ပဲ
လက်ဝါးကြီးအုပ် သူခိုးယုတ်တိကြောင့်
ပြာပုံမာနီယင်း ဆင်းရဲတွင်းထဲမျက်ရည်ဝဲနီရရေ
ငါလေ့ ငါ့အတ္တာနန့်ငါဖြစ်လို့
မရဏာမင်းငှေ့အရိပ်မဲကို သိကေလေး
ပါးစကမထွက်ဝံ့လို့ ပြုံးနီယောင်ကြည့်နီရရေ။

အမင်ငိုနီရေညည့်ဆိုး
အဘာပြန်မလာရေသိုင်းခေါင်မာ
ကျောက်သားကိုထုဆတ်လို့

## မော်ဒန်အနုပညာဖန်တီးမှု

သမိုင်းတင်ဖို့အကျွရာပြုချိန်မှာ
အခါလွန်နီစွာကိုမသိလိုက်တော
                ငါ
သူခိုးဓါးပြတိုသောင်ကြမ်းစွာကို ခံနီရယင့်။

ကျယ့်ူခြင်းနန့်အောင်မြင်မှု ငါ့ရှိမာကျင်ကွင်းလို့
လွန်ဆွဲဖို့ကြိုးရှာနီကတ်တော
ငါစွာ ဒုက္ခိတမဟုတ်ပဲ
ဖက်ခန်စားဖို့လက်ဖြန့်လိုက်တော
ယင်းစွာ သမိုင်းငှ့်အမှားမဟုတ်
ငါ့အမှားရာဖြစ်တော။

ဇီဝဗေဒပညာသျှင်ရို့
တုံးဆွီးကိုအသက်သွင်းဖို့ ပျင်နီခါ
                ငါစွာ
ရိုးမတောထဲမာ အိပ်မောကျလို့
အဆိပ်ခွက်နန့်ပျားရည် အလှဲအလှယ်လုပ်ယင်း
သမိုင်းငှ့်တရားခံဖြစ်လားခရေ ငါ။ ။

စံလင်း (ဦးရာဇ်မြို)

## အသုံးတော်ခံ

နင် သောက်သုံးပါ . . .
နှလုံးသားကိုအရည်ပျော်လို့
သွီးနန့်ရောစပ်ထားရေအအီးတခွက်
နင့်လက်ကိုဆက်သယင်း
အယုံ့းနန့် မျက်ရည်ကျနီရေ ငါ့ကို
ပျော်ဖြေဖို့ကြိုးစားနီကတ်တေ
လိပ်ပြာနန့်ပန်းပွင့်သျှေရို့လေး
သဘာဝင့်ရက်စက်မှုအောက်မာ
မျက်ရည်စက်လက်နန့် အသုံးတော်ခံနီကတ်တေ။

နင် တခုခုပြောပါ . . .
မမြီရေပန်းမှန်း သိနီလို့
ဦးနှောက်က အကြိမ်ကြိမ်နှင်ထုတ်နီလေး
နှလုံးသားဇ့တတ်မက်မှုကို မလွန်ဆန်နိုင်ရေငါ
လကွယ်ညည့်သိုင်းခေါင်မာ

## ပေါ်ဒန်အနုပညာဖန်တီးမှု

ဆွံ့အ နားမကြားသူနန့် စကားပြောနီရေပိုင်
ဒိုင်ယာလော့တိ ပျောက်ဆုံးနီကတ်တေ
နင် နားလည်ပါ . . .
ဝီဝါးမှောင်မိုက်နီရေ ညည့်ဆိုးမှာ
ဝက်ပါပတ်လမ်းဌ ချိုင့်ဝှမ်းအနား
ပြုတ်ကျလုလုဖြစ်နီရေ ငါ့ဘဝစွာ
နင့်အတွက် မထိုက်မှန်းကိုသိရေ
လွမ်းဆွတ်ယင်း ကင်ဆာဖြစ်လှာရေ ငါ့နှလုံးသာကြောင့်
ငါစွာ ပလက်ဖောင်းလူသားဖြစ်နီရေ။

နင်ပျံ့သန်းပါ . . .
နုညံ့သိမ်မွေ့နီရေ နင့်အလှနန့်
ကြမ်းတမ်းရုပ်ဆိုးနီရေ ငါ့ဘ
ငါစွာမင်းကုဿမဟုတ်တေအတွက်
နင့်ကိုပိုင်ဆိုင်ဖို့ ပါရမီမဟိမှန်း ငါသိလို့
ရွတ်လပ်ပျော်ရွှင်နီရေ နင်
ပန်းမွေ့ရာမှာ တသက်လုံးအိပ်နိုင်ဖို့အတွက်
ငါ့နှလုံးသားကို ပါရမီဖြည့်လိုက်မေ
ငါစွာ နင့်အတွက် ဇီဝိန်မဟိရေ ဒြပ်ထုတခုရာ။ ။။

စံလင်း (ဦးရာဇ်မြို့)

## ဘဝင့်မာယာ

အတိတ်င့်အရိပ်အောက်
နွမ်းခြောက်လွှမ်းခြီးယင်း
သူရာအိမ်ထက်မာနီလို့
ပစ္စုပ္ပန်ကိုအပြစ်တင်နီမိရေ။

အမှန်မာက . . .
လောကင့်မာယာအောက်
ထမင်းစားရီသောက်ယင်းအချိန်ဖြုန်း
မိုးလင်းနီစွာကိုတောင်မှ
ထမကြည့်မိလိုက်တေအမှား။

ဇီဝိန်ချုပ်မေကြောက်လို့
အနာဂါတ်ကိုလှမ်းငိုယင်း
ပစ္စုပ္ပန်ကို မီးဘုတ်ဖမ်းခံလိုက်ရရေ။

ငါလေ . . .
ကာမမင်းသားနောက် ကျင်ကွင်းလို့
သူရာကို ဆရာခေါ်နီတုန်း
သစ္စာတံခါးရှို့ ငိုနီစွာကိုစောင်းကြည့်မိ
ဝေသာလီနန်းမြို့ကြီးင့်ရံပြင်မာ
သစ္စာဆိုဖို့စိုင်းစားခါမှ
ရဏမင်းက သာလေစွ ပါဆိုယင့်။

## ပော်ဒန်ဒနုပညာပန်ဝိးမှု

မထူးယာ . . .
သကြာဇ်ကိုရှိတွက်နီတုန်း
အသက်ဆိုစွာ နံပါတ်တခုရာ
အဆို . . . မှတ်စုကြမ်းထဲမာနီပါ
အကျွန် . . .
နီမဝင်ခင် အလံတခုကိုင်လိုက်အုံးမေ။ ။။

စံလင်း (ဦးရာဇ်မြို)

ဂျွဝင်ကကြိုးနန့် မော်ဒန်ကုထုံး

## အရှိအလယ်ပိုင်းကအိုအေစစ်(သို့)ယူအေအီး

မြို့တော်အလိုက် ဘုရင်ဟိရေပိုင်
ဖက်ဒရယ်စနစ်နန့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်
ဥပဒေမူကြမ်းသုံးအုပ်ချုပ်ပြီးကေ
၆၃ နိုင်ငံကရောက်ဟိလှာရေ
အကျွန်ရို့ပိုင် နိုင်ငံခြားသားတိကို
အခွန်ရွတ်ကင်းပျာ ငြိမ်းငြိမ်းချမ်းချမ်း
ဖေ့သာရှာနိူင်စီရေနီရာ။

ရှာရီယာဥပဒေသုံးရေလို့ ပြောကတ်ကေလေ့
ဥပဒေဆိုစွာကို ကြောသား ရင်သားမခွဲခြားပဲ
မတိမ်းမစောင်း လိုက်နာကျင့်သုံးရေနိုင်ငံ။

နိုင်ငံခြားသားတိအတွက်
အလုပ်သျှင်နန့်ပင်ဖြစ်ဖြစ် မတရားမှုကင်းစီယောင်
အလုပ်သမားအခွင့်အရီးအတွက်
ဥပဒေပြဋ္ဌာန်း ခံစားခွင့်ပီးစွာကလေ့သော
နိုင်ငံပျောက်လူမျိုးဖြစ်တေ
အကျွန့်အတွက် အံ့သြမယုံချင်ယောင်
ထူးဆန်းအားကြီးရေ နီရာ။

နေီရာစွာ
အသားအရောင်မတူ
ဘာသာစကားမတူရေလူတိနန့် ခင်မင်သိကျွမ်းယင်း

## ဖော်ဒန်အနေပညာပန်တီးမှု

ဘာသာစကား ယဉ်ကျေးမှုတိဖလှယ်ယင်း
အတွေးတိရှည်
ကမ္ဘာကကြီးကို အင်တန်သာယာစွာမနားလို့
ထင်ဟပ်ခံစားမိစီရေနီရာ။

နီရာစွာ အကျွန်ကိုးကွယ်ရေ ဗုဒ္ဓဘာသာမဟုတ်ပဲ
မူဆလင်ဘာသာကို ကိုးကွယ်ရေလူတိနှင့် တိုင်းပြည်နီရာ။

ဘာသာတရားစွာ လူကိုဖန်တီးခြင်းမဟုတ်ပဲ
လူကရာ ဘာသာတရားကိုကိုးကွယ်ပြီးကေ
မေတ္တာကိုမွီးဖွားပီးရေလို့ သိစီရေနီရာ။

နီရာက လခဖေသာစွာ
နှမ်းတစိနန့် ဆီမဖြစ်ဆိုကေတောင်
နှမ်းတစိချေလောက် မိသားစု မျိုးဆွီတိကို
ကူညီထောက်ပံ့ဖို့ အခွင့်အရီးရစီရေနီရာ။

ရာသီဥတုပူကေတောင်မှ အီးမြခြင်းတိဖန်တီးဖို့
နည်းပညာတိကိုတည်ခင်းပျာ
၂၄ နာရီ နီမဝင်အင်ပါယာကို
ယန္တရားသုံး လည်ပတ်ပြီးကေ
သဲမြီမာ ရီသောက်မြစ်ဖန်တီးလို့
အပင်တိ စိမ်းလန်းစီစွာရေ
နတ်ဒေဝါတိဖန်တီးခြင်းမဟုတ်ပဲ
လူတိနှင့် အားထုတ်မှုကြောင့်ဆိုစွာ
အသိပွင့်စီရေနီရာ။

ဂ္ဍဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ဒေနီရာစွာ

ကမ္ဘာကြီးထဲကကြင်းနီရေလူတိ‌ငှ့ စုရပ်ပိုင်ယှော်င
စိတ်ဓာတ်ကောင်းရေလူ မကောင်းရေလူ
အရောင်စုံလူတိ လှူပ်ယှားအသက်ဝင်လို့
အကျွန့်အတွက်လေ့ ဘဝတထောက်စာ
အိုအေစစ်တေနီရာ။

အာသျှတိုက် အရှိအလယ်ပိုင်းဒေသထဲက
ယှေူအေအီးနိုင်ငံစွာ
သဲမြို့တိဖုံးလွှမ်းထားရေ ရွှိဝါရောင်သဲတောင်ဂေါင်းတုံးတိနန့်
မြီအောက်သယံဇာတဖြစ်တေ ရီနံကြောတခုတည်းကြောင့်
လေးဆယ့်လေးနှစ်အတွင်း အဟိန်နန့်တပြိုင်တည်း
တိုးတက်လှာရေ နိုင်ငံအငယ်ချေတခုဖြစ်ကေလေ့သော
နေီရာစွာ အသက်ယှူရေလူတိုင်းကို
အသက်ရှင် ရပ်တည်နှိုင်စီရေနီရာတခုရာ ဖြစ်လီယင့်။ ။

ရှိုးလှ့သန္တာ(ကျိန်းရိပ်မြို)

## ကန္တာရနိရက်တိဇ္ဇ မှတ်တမ်း

ဂါရီစောင့်ဖို့ အဆောင်ကနီ
ဂါရီရပ်တိုင်သို့ ၅ မိနစ်လမ်းလျှောက်ရ
အပူချိန် ၄၁ ဒီဂရီ ဆပ်ဆီယက်နန့်
နီလုံးကြီး ၉၀ ဒီဂရီတည့်တည့်
ဂေါင်းထက်ကိုရောက်တေ မွန်းတည့်ချိန်စွာ
ဆိုက်ဘေးရီးယားငှက်ပိုင်ယှောင်
ဆောင်းခိုဖို့ ခရီးထွက်ယင်း အသိုက်ကိုခွာလှာရရေ
အကျွန့်အတွက် ပူရေလို့မဆိုချင်ပါ။

ကန္တာရမှာ ရှန်းကန်နီရေလူအဖို့ နီအပူစွာ
အပြင်ထွက်တိုင်းနှုတ်ဆက်တေ အဆွီဆိုရေခါ
ဂါရီမလာခင် ဂါရီရပ်တိုင်မှာ
အပူချိန်ကို စိန်ခေါ်ယင်း
အကျွန် အသားညိုလားစွာလေး
အပြစ်လို့မမြင်ပါယာ။

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

ကန္တာရမာ နီရေလူတိအဖို့
နီရာသီမာပူပြီးကေ
ဆောင်းရာသီမာချမ်းစွာက
သဘာဝပင်ဖြစ်ကေလေ့သော
ဆောင်းရာသီမာ အအီးကိုအံတု
လီညင်းတိကို ပျက်ရယ်ပြုဖို့
ဆောင်းဝတ် နောင်းနောင်း ဝတ်ယင်း
နီရာသီမာ အသားတိကျက်မလားဖို့
ဆောင်းဝတ်ကို ပြန်အားကိုးစွာရေ
အကျွန့်ငှ မဖြူပဲညို ညိုစိုစိုအသားရောင်အတွက်
အားပီးဖော်ပိုင်ပါပျာ။

နီထွက်တိုင်း နီဝင်လားတိုင်း
လက်ချိုးရွီတွက်လှာစွာ
နိကိုရက်စား လကိုနှစ်စားယင်း
လေးနှစ်တောင် ဗုန်းဗုန်းပြည့်လို့
ပြည်တော်ပြန်ခရီးကိုမျှော်
အိမ်ပြန်ခရီးကို ကန္တာရနိရက်တိငှမှတ်တမ်းနန့်တတူ
လှမ်းလျှောက်လီရဖို့ပါပျာယေ။ ။။

ရိုးလှသန္တာ (ကျိန်းရိပ်မြို)

**ဖော်ဒန်အနုပညာပန်တီးမှု**

## နီရင်ခွင်ပါးတို့

(နီလုံးအနောက်ဖက်စွန်းတို့ဝင်ဖို့ကြံချိန်)

နီလုံးပုဇွန်ဆီရောင်သန်းလို့ အပူချိန်တိလျှော့ပါး
အနောက်အရပ်တို့ အားပြုနီစွာက အထီးကျန်သူရို့
အားငယ်သူရို့အဖို့ ပန်းချီကားတချပ်ပိုင်
အားပီးနီရေအပြုံးလှတခု
အင်အားအပြည့်နန့် ရင်ခွင်တခုပိုင်
နှုညံ့မှုတိအပြည့်နန့်
တသမတ်တည်းရပ်တည်ပီးနီရေ သစ္စာသျှင်ပိုင်။

သူ့ပါးက ကတိကဝတ်မလို
သစ္စာတရားလေ့ မလိုရေပိုင်
အကြင်နာတရားလေ့သော တောင်းဖို့မလို
နီပွင့်ရေနိရက်တိုင်းဇ့
နီရောင်အားညံ့လှာရေညစာတိုင်းမာ
သူနန့်တတူဟိနိုင်ရေ
သူ့ကိုကိုင်လို့ မရ တို့ကြည့်လို့ မရ
ယေရာလေ့ သူစွာ
လူသားတိနန့် တသားတည်းဟိနီရေ။

သူဖက်တို့ မျက်နှာမူသူတိုင်း
မျှော်လင့်ချက်တစုံတခုရယောင် အလင်းတိဖြန့်ကြဲယင်း
ပင်ပန်းမှုတိပြယ်ယောင်

အားတင်းယင်း ရှိဆက်ဖို့ အာဟာရတိပ်ီးနီရေ ရင်ခွင်။
မျက်နှာလိုက်တေမဟိ
ဇာသူ့ အတွက်လို့မဟုတ် လိုအပ်ချိန်တိမာ
ဟင်းလင်းဖွင့်ကြိုနီရေ သူ့ရင်ခွင်စွာ
လူသားတိ‌ေ တရက်စာငြိမ်းချမ်းမှု
မှီခိုရာချေတခု
ယေရာလေ့
သူနန့် ဆုံမှတ်တခုမာတွိနိုင်ဖို့
အာကာမာ မိုးရိပ်တိကင်းလို့
သာယာရေနိရက်တော့ခါ ဖြစ်ဖို့လိုပါရေ။ ။။

ရှိုးလှသန္တာ (ကျိန်းရိပ်မြို့)

## မျက်ရည်ငှိုက်ကာ

မျက်ရည်စွာ
မာယာများသူရို့၌ လက်နား
နှလုံးသားမာရေလူတိ၌
ဥပေက္ခာဖြစ်ကေတောင်
ဝမ်းနည်းအားငယ်တတ်သူရို့အတွက်က
ထွက်ပေါက်တခု
ပီတိလွှမ်းဖြာသူရို့၌
လှုပရေ အလင်္ကာတပုဒ်။

သောကကြောင့်
ဒေါသမီးတောက်ကြောင့်
အတ္တမာန်မာနကြောင့်
ပီတိလွှမ်းဖြာမှုကြောင့်
မခံချင်မှုတိကြောင့်
ကြောင့်တိမကန်မကန်ကြောင့်
. . . . . .
. . . . . . . .

ကျခရေမျက်ရည်တိအတွက်
ပျော်ရွှင်ခြင်း အလျဉ်းမဟိကေလေး
မျက်ရည်ကြောင့်
နောင်တ တစုံတရာမဟိစွာကလေ့သော
ရင့်ကျက်ဖို့အတွက် မြတ်စွန်းမှုတခုပိုင်ပင်။

မျက်ရည်စွာ
စိတ်ငှတန်းခါးဝ
စက္ခုအာရုံကယိုဖိတ်လှာရေလူတိင့်
တခုတည်းသော
စိတ်ခံစားမှုအငှားသားဖြစ်တေပိုင်
နှလုံးသားငှထွက်ပေါက်
နှညံ့မှုတခုလေ့ ဖြစ်တေ။ ။။

ရိုးလှသန္တာ(ကျိန်းရိပ်မြို)

**ဖေါ်ဒန်ဘၣပၣၢပန်တီးမူ**

## အီးယောင်အတွက်လွမ်းခြင်းကဗျာ

မိုးမလုံလီမလုံ
အုန်းမိုးဝါးထရံအပြိုအပျက်တိအောက်က
ရိုးရာသျှိန်ဒိုင်သာခြင်းတပုဒ်နန့်
နှလုံးသွီးအပြည့်ထုဆတ်ထားရေ အမင့်ရင်ခွင်မာ
နို့ရည်စက်တိကိုစို့လို့
မနုဿရက္ခိတဘဝကို ပိုင်ဆိုင်ခွင့်ရခပါရေ အီးယောင်။

အီးယောင်ခြင်းရွှတ်ပါလီ
မသိ မလိမ္မာ အခါတရာမကမိုက်ခရေသား
ဂေတော့ခါ
လူမျိုးမတူ ဘာသာကွဲပြား
မေတ္တာတရားဆိုစွာလေး
ယှားပါပစ္စည်းတခုပိုင်
ဝီးရပ်မြီခြားက တိုင်းတပါးလူမျိုးခြားကြားမာ
အီးယောင်သားဘဝလေ
အလုပ်ကျီလို့အဆောင်ပြန်
ဇိမ်ခံဖို့အချိန်စွာ ဝီလာဝီး
ချက်ရ ပြုတ်ရ သူခိုးခားပြရို့ပေါ်ရေအရပ်မာ
တညည့်ချေတောင် ကောင်းကောင်းအိပ်မရခပါ
အီးယောင်။

ထွက်သက် ဝင်သက်ကိုမှတ်
သံဗုဒ္ဓေဂါထာကိုရွှတ်လို့

လခြမ်းမြိုက အီးယောင်ဟိရေအရပ်ကို ဦးတိုက်ရှိခိုးယင်း
အီးယောင်တေ ချစ်သားဆိုးချေကို
ခြင်းရွှတ်ပါစီကြောင်း တောင်းပန်မိရေ အီးယောင်။

ဆန္ဒနန့်ဘဝတိကြားမာ
တသားတည်းမကျခရေ အီးယောင်သား
အနောက်ရိုးမ ကောင်းကင်နီလုံးမဝင်ခင်
စိတ်သစ် လူသစ် ဘဝသစ်နန့်
အမင်ဟိရာ ဂေါယာမြိုကမ်း ရမ်းဗြဲကျွန်းကို
အရောက်ဗြီးပါလတ်မေ အီးယောင်
အီးယောင် ကျမ်းမာပါလီ
အီးယောင်ပြုံးပျော်ပါလီ အီးယောင်။ ။

အာကာညိုတင့်(ကံဒိုင်းမြို)

## မဲကျီမချေသို့ လွမ်းခြင်း

လွမ်းရရေ မဲကျီမချေ
ရီခြားမြီခြား
အလွမ်းတိလေ့ ခြားလားခပျာဝေ
ရင်နွမ်းလို့ အခါခါငိုရ
ပန်းရံဆရာမောင်ရှိသီးဘဝပိုင်
အလွမ်းမျက်ရည်ယိုစီး
အပူမီးတိတောက်လောင်
ငတင်တောင်ခြီရင်းက ရှာရင်းမြီမာလေ။

ချစ်ခရေလွမ်းဇာတ်ကြောင်းချေတိ
မင်းသိပါရေ မဲကျီမချေ
မဆုံနိုင် ဝီးခရကေလေး
အချစ်နန့်ဘဝ တထပ်တည်းမကျခရေ

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

မောင်ရွှေသီးနန့် မဲကျီမချေရို့ဘဝ
အလွမ်းရင်ခွင်မာ သစ္စာကိုတိုင်ထူ
အချစ်ကြောင့်ကျရရေ မောင်ရွှေသီးဇ့အလွမ်းမျက်ရည်
မဲကျီမချေသိလီခပါကေ
ချစ်ယင့်နန့်ဝီးနီရရေအဖြစ်ချေ
မဲကျီမချေသိလီခပါကေ
နောင်သံသရာဆိုစွာဟိခပါကေ
ဒေပိုင်အလွမ်းမျိုး
ရင်ထဲမာပူလောင်ကျွမ်းပနာ
ဒေပိုင်အဖြစ်ဆိုးတိ
နောင်သံသရာနောင်ဘဝမာ
မကြုံတွိရပါစီကေ့လို့
မြတ်ဘုရားသျှင်တော်ပါးမာ
အကျွန် ဆုပန်ခပါမေ မဲကျီချေ။

အလွမ်းတိတောင်ပြို
မင်းကိုလွမ်းရခြင်းတိနန့်
ကံဒိုင်းမြီမာ မောင်ရွှေသီးနိတိုင်း
ငိုနီရပါရေဝေ မဲကျီမချေ။ ။။

အာကာညိုတင့်(ကံဒိုင်းမြီ)

**မော်ဒန်အနုပညာဖန်တီးမှု**

## လွမ်းရိပ်မကျီ ကံဒိုင်းမြို

လွမ်းရရေဝေ . . .
မွီးရပ်မြိုကံဒိုင်း ငယ်ချစ်ဦးချေနန့်
လွမ်းစေတီရင်ပြင်ထက်မာ နှစ်ကိုယ်တူသစ္စာထားခ
ပေါင်းရပါစီကြောင်း ဆုပန်ခဖူးရေနှန်း။

နှီရင်ခွင်အပူတောမာ ဥသြချေမြည်သံပီးလို့
ငယ်ချစ်ဦးကိုလွမ်းစာစီယင်း
ဂုဆိုကေ
တယောက်တမြိုစီ အလှမ်းကကွာဝီး
အချစ်ဦး ကံဒိုင်းသူကို တမ်းတစိတ်ကပို
လွမ်းလို့ရာ ငိုမိ
မခံသာရေ ဝေဒနာတထွီးနန့် နှီလီရှူးကြားမာ
အတာရီတတူလောင်းဖို့
အရောက်ပြန်လာလတ်မေ။

ရိုးရာဝတ်စုံချေနန့် ဝီး
ယဉ်ကျေးမှုနန့်လေ့ ဝီး
ချစ်သူနန့်လေ့ ဝီးရာမာ
လွမ်းလို့လေ့ မကျီနိုင်ပျာ
အကျွန့်မွီးရပ် ကံဒိုင်းမြိုကို
သတိတရနန့် တမ်းတယင်း။ ။။

အာကာညိုတင့်(ကံဒိုင်းမြို)

## ပင်နိမ့်သဇင်တခက်သို့

အနာနန့်ဆီးမတည့်ရေ ပဟေဠိပြကွက်
ဂိမန္တတံလျှပ် လီဗွီလှိုင်းတိအောက်မာ
ပင်နိမ့်သဇင်တခက်
မုသာဝါဒကံကို အကြိမ်ကြိမ်ကျူးလွန်
အတုကိုအစစ်ပိုင်ပုံသွင်း
မင်းအတိတ်ခန်းစာမျက်နှာ
ဆားမပါရေ ဟင်းတခွက်ပိုင်ပါပျာ။

အချစ်နွံမာ(over) လွန်ခသူ
အနာနန့်ဆီး မတည့်ခြင်းတည့်ခြင်း
အိပ်မက်ပျိုးခင်းထဲက မင်းဘဝအနွမ်းခန္ဓာ
ငါသိလိုက်တေခါ
မင်းလေ့ ဆီးမှားသောက်မိခပျာ ပင်နိမ့်သဇင်ချေ။

မျက်ရည်မိုးတိပြိုင်ပြိုင်ရွာချ
အချိန်လွန်နောင်တလမ်းထဲ
နှီတမံလီဗွီညင်းတိနန့်တတူ
မျိုးမစစ်မသားတယောက်ငှ
ကစပ်ချက်လက်ဝါးပြင် မာယာရင်ခွင်မာ
မင်းဘဝကြွီရှင့်ရပျာမနား သဇင်။ ။

အာကာညိုတင့်(ကံဒိုင်းမြို့)

**မော်ဒန်အနုပညာပန်တီးမှု**

## နှလုံးသားလမ်းအို

နှုတ်ဆက်ရဖို့
တရက်ထက် တရက် သီချာပါရေ။

ချိုမြိန်ရေ သူမခြီသံတက်စား
ရွက်ဝါကြွီသံကို နှလုံးနားနန့်
ဆွီးဆွီးမြိမြိ   ကြားခရစွာ ကြာယာပ။

ညှင်သာယာခြီလှမ်း
လမ်းချေစွာ ကုဋ္ဌေတသန်းတန်
အပြုံးနန့် . . . ရင်ခုန်နုန်းတိ  မြန်ဆန်ဖူး။

မျှော်လင့်ချက် ခရဲရဲကို
သက်မောနန့်နားချ
အိမ်ပြန်ခရရေ  ရက်များ။

ခွင့်ရွှတ်ပါချစ်သူ . . . ခွင့်ရွှတ်
ငေးမောမြှတ်နိုးစွာ
လှမ်းမြှင်ရတတ်တေ အကြည့်တစုံ
မင်းပြန်လာချိန်မာရာ ဟိမနီခပျာဆိုကေ
ခွင့်ရွှတ်ပါ။

ဇာကိုပင် ရောက်ရောက်
ပြန်ကောက်သိမ်းဖို့
တခေါက်တခါ "သူမ"

ပြန်ရောက်လှာစွာ ဟိခကေ
ရွှက်ဝါသျှေတိဝေး
ရိုးမြီကျုလမ်းအိုရင်ဘတ်ထဲ
နှလုံးသားတခု တယုတယ
အပ်နှံထားခရေ ဆိုစွာ
ပြောပီးပါ။ ။။

ဟောမန်ခိုင်(တိမ်ညို)

## နှီးညည့်ပုံပြင်

စကြာဝဠာနန့် စာကေ
        ငါစွာ
ဆန်ကောဝိုင်းထဲမာ မြူတမှုန့်စာ
ကျောက်ခေတ်လူသားတိရာတွိကေ
ကလိထိုး ရယ်ကတ်ဖို့ ထင်ပါယင့် . . .
အရှဏ်တက် မိုးထဖက်မာ အိပ်ရာဝင်ရေ
အမိနန့် အဝီးတနီရာမာ လွမ်းရေ
ဂုဏ်တု ဂုဏ်ပြိုင် လောကခံကို ဟားတိုက်တေ
ဒုတ်တပြက် ဓားတပြက် မာနတိကို ထုတ်လှန်းရေ
အောင့်မျိုသောက်သုံးခရရေ ဘဝဖျော်ရည် ခါးခါးတိကို
မျက်နှာ ချုံ့ရှုံ့ပျာ ရှင့်ပစ်တေ
တခါတလီ အပျော်အပြုံးတိကို ခေါက်သိမ်းရေ။

ဘဝစွာ အချိုအခါးနန့် သဟာဇာတ ကျကျ
ရောမွှီ ဖျော်စပ်ထားရေ ဆီး အဆိပ်
ဘဝရီလျှဉ်ကြောမာ ပေါလောမျိုးပါလားရေ
သုတရသအစုံစုံကို လွမ်းရေ
မသီချာသီးရေ အချိန်တိကို တွက်ချက်
ခါးလိုက်တေ ဆိုပနာ မျိုချရေ
အက်ကွဲအတွေးကို ဆီးခြယ်ရေ
ဝမ်းနည်းမှုတိကို မသိချင်ယောင်ဆောင်ရေ
ခေတ်ကို အမီလိုက်ဖို့ ဒူးကိုချွန်ရေ
ဟူး . . . .
ညောင်းလိုက်တေ ဆိုပနာ မှုတ်ထုတ်
သက်ပြင်းတိစွာ တောင်တန်းတိပိုင်
ဒလိခေါက်ကွီ ခုန်ပေါက်ဗြီးထွက်လားကတ်တေ။

ပူဆွီးလွမ်းရိပ်ဝီနီရေ နွေနိခင်းကို လွမ်းရေ
ပြန်အလာကို နားစွင့်စောင့်ကြိုနီရေ အိမ်တံခါးဝပါးကို
မျှော်ရေ
တန်ပါပျာလို့ တောင်းပန်နီယင်း အတွေးနယ်ချဲ့တတ်တေ
အိပ်ရာဝင်ချိန်တိကို ကြောက်တေ
ဂုဆို ဥဩတွန်ချိန်ပ . . . ချော့သိပ်မှုတိကို မက်မောစွာ
အိပ်ရာဝင်ပုံပြင် တပုဒ် တမ်းတခြင်းတိကို
နှုတ်ဆက်လားခစွာ ကြာပျာ။ ။

ဟေမန်ခိုင် (တိမ်ညို)

## ကျင်လည်ခြင်း

ကတောက်ကဆ ကမောက်ကမနန့်
ပြန်ရောက်လှာရေညည့် . . .
ရံဖန်ရံခါ ကြားရရေ လှိုင်းတွံသံနန့်
ကန္တာရ ဆန်ရေ မြို့ပြမာ
ညောင်းရိနီရေ ခြီလှမ်းတိကို ချော့သိပ်ဖို့
စောင်းကြိုးတိလေ့ ပြတ်တေညည့်ပယေ။

နှီအလယ် အရိုး ဖြိုင်းဖြိုင်းထနီရေ
တောင်တရှီရှိ့ငှ ခံစားမှုမျိုးနန့်
အဝီးလင်းရေ ကြယ်တိကို မော့ကြည့်လိုက်မိရေ
အကျွန် သာခြင်း မညီးဆိုဖြစ်ခ
ရွက်ကျင်ဖြည်ဖျော်ပွဲက အပြန်
လောကခံ လှုပ်ယမ်းကပြဟန်တိနောက်မာ
သက်ပြင်းပူတိ လူးရှင့်
မျက်ရည်ကြည်ကို ခြီဆီးလိုနီရေ
အမိုးအဖုံးရွတ် တလင်းကွင်းပြင်ထဲ
ဘဝတိစွာ အောက်ခြီမနောင်းရေ အိမ်ပိုင်
ကောက်ကုံးမရရေ ပန်းကြွီ အိပ်မက်တိနန့်
နက်ဖန်ခါတိလေ့ မိုးမလင်း
ယင်းပိုင်နန့်ယေ . . .
ကျင်လည်လှာခရေ . . . အချိန်တိစွာ
ငါးစာမပါရေ ကြိုးပိုင် ပေါ့နီရေ။ ။

ဟေမန်ခိုင်(တိမ်ညို)

## အခွံ

လကိုချပြဖို့ ခြီရာတိ
ညည့်မှာ နင်းဖျက်ပစ်တေ။

အမှုမဲ့ အမှတ်မဲ့ စားလှာသရှိ
မြီကြီးက အစာပင်လယ်မှာ
အန်ချပစ်ရဲ ဝှံ့မေလား။

အရချင်ဆုံး ဆုတခုမှာ
အသန့်ယှင်းဆုံး မဟုတ်ကေပင်
အစွန်းအထင်း အကင်းဆုံး
ဘဝဖြူလွှာပါးပါး တခု။

## မော်ဒန်အနုပညာဖန်တီးမှု

ပြုစုခရသရှိ အတုကျည်း ဆိုကေ
ဇာသူ ပိုနာရပါဖို့လေး
ယင်းပိုင် ဖြန်းဖြန်းကွဲ ရင်ဘတ်ကို
မသိရေပိုင်နန့် ဖုံးအုပ်ထားခရ။

စူးကို နမ်းကြည့်ရေ
ဇာအရောင် နံဖို့လေ့လို့
အသိ နောက်ကျခပါရေ
ဇာအကုသိုလ်တရားပါးမာလေး
စေတနာ မထားမိခ။

ကြံစည်မှု ဟောင်းလောင်းနန့်
ဝလာအု တလုံး ဒဏ်ရာရောင်တိနန့်
ညီး . . . လို့သျှေ
သတ်စားကောင်းထနှန်း
မြင်ပါလာ မသိ
ယာ . . . ခွဲကြည့်
အထဲမာ အသား အခွံ
တခုလေး မကျန်။ ။။

ဟေမန်ခိုင်(တိမ်ညို)

## ဂူထွဝင်ကကြိုးနန့်မော်ဒန်ကုထုံး

ထင်ပါရေ
ဒေတောင့အရိပ်အယောင်တိစွာ
ပုံပျက်ပန်းပျက် အယင်နန့်ခြားလို့
အနုတိမ်ပွင့်များစွာရို့ တည်အာရုံ လင်းတချက်
မလင်းတချက်နန့်
ရာသီဆိုးညည့်မာ အားမလို အားမရ စီလိုရာခရီးပြင်းနှင်
ကံ စိတ် ဥတုရို့ ဆုပ် ကိုင် ဖမ်းမရခါ
သုခထက် ဒုက္ခက အလီးချိန်ပိုပါရေ။

ယင်းပိုင်
မြက်မြက်ချေတွိလိုက်တေ ပြဒါးလန်အာခေါင်ထဲ
အကြိုထောက်ဦးနှောက်ပါး
သခင်နန့်ကျွန် မှားကတ်စွာ ချင်ခြင်းတရားလား
ထားပါဖိ
ထူးခြားသော လူ့သမိုင်းမှောင်အိမ်မာ
ကြုံရာပါယုတ္တိမဆန်မှုတိ
ယောနိသောမနသိကာရထဲ ထိတ်ချန်းရှာသွန်းနီကတ်
ဇာဘာ၀နာတရားနန့် စီးဖြန်းနှိုင်ကတ်လို့လေး။

## ပေါ်ဒန်အနုပညာပန်တီးမှု

အမှန်ဆို

အာရုံငါးပါးမှာ ကာမအစိုင်အခဲ များများမမွီးသင့်
ဝဋ်မှတလုံးဆင့် လက်ရည်တူဖွင့်မဖတ်နိုင်ကတ်တေ
ကိုယ့်အဘိဓာန်ကိုယ်စီမှာ
ဆန္ဒနန့်ရက်လုပ်ရ အလင်းမျှင်မျှင်တိအတွက်
အသိနောက်ကျနီတတ်စွာ ဂန္ထဝင်ကျမ်းမှာစီဖို့လား။

မဆိုင်မတွန့် ငြင်းဆိုပါရစီ လတ်
တချက်တချက် အရိုင်းဆန် ဒေမောဟတိကြောင့်
အိပ်မက်ပျိုတိကွဲကတ်
သွီးနန့်ရစ်ထုံးသော အတိတ်မှုဟောင်းကိုပြန်ကြည့်ကေ
လူတလုံး သူတလုံး ရဲရဲတောက်သံဝေဂတိ
အားချင်းပြိုင်စည်ကားနီကတ်
ဇာပြုကံတရားလေ့ ကယ်တင်သျှင်မဟုတ်နိုင်ခမနား။

ယင်းပိုင်ရာ

တည်ခင်းပသရ ညည့်မသိသောလရောင်ခန်းဒေသထဲ
သံသရာနတ္ထိဇ္ဇ မတန်မရာဟိတ်ခြောက်ပါးဥပဒါန်အစွဲတိ
အရိပ်ကောက်ထုတ်ရှင့်တိုင်း ဥတုစွာ တိတ္ထိနန့်လိင်ပျော်ရေ
အဂင့်ရိုးရာဒြီကကြိုးတိ ခမ်းနားဖို့ဖောက်ထွက်စွာ
ခေတ်သစ်ကို အပြစ်မဆိုကေ့။

အနိုးကြားဆုံးစိတ်ဇ္ဇ ပဋိလုံကျင့်စိုင်အရဆိုကေ
ကိုယ့်အပိုင်းနန့်ကို တောင်းခံသောသိမှုကိုယ်စီမှာ
သမိုင်းကို အရောင်းဆိုးခြင်းတိမပါ
အတွင်းသတ်စနက်ကျိုးဘောင်က ရုန်းထွက်ပါရစီ

ဉာဏ်ရည်တူအနက်ခွက်မာ တံဆိပ်ကိုဖောက်ကြည့်ကေ
ကျား မ စုံကလောင်တိ အတိတ်ကိုမော်ဒန်နန့်ကုသ
စကားလုံးအဆိုအမီးတိ နိမိတ်ကောင်းကိုယ်စီနန့်
စွင့်ငွားလိုက်တေဆိုမှ စွင့်စွင့်ငွားငွား ထော . . .

အမှန်ပါယေ
သတ္တိကောင်းကင်မာ မျိုးငုပ်ဗီဇကိုမခြီ
မညီးငွိနိုင်ကတ်တေ ဆယ်စုတမိုးသောက်ကို
လက်ဟိနန့်လှုံကြည့်ရေ
ထူးခြားခြင်းမပါသော ညည့်သိုးဝတ်ရာစုငှ အညာကြီ ပင်ခြီ
ပင်ရင်းထက်
တစိုက်မားမတ် ဘာသာဗေဒကို အရောင်တင်ခြင်းရာ
ဖြစ်တေ။ ။

ဝံသ

**ဖော်ဒန်အနုပညာဖန်တီးမှု**

## သီဝရီ

အမှားနန့်အမှန်ဆက်ထုံးသော ဥပဒါန်ညည့်ရှိုင်းလား
တီးသံမျှားမျှားနန့် တခမ်းတနားလိုက်ပို့ဖို့
ငါ
လူလုံးမလှခ။

ညက နှလုံးသားတစုံစွာ ဝါယာချင်းလိမ်လို့
ဓာတ်ခွဲခန်းထဲ ပို့လိုက်တေ
ငါစွာ
အခါကိုမသိသော မှော်ဝင်တိမ်တစင်း ဖြစ်ယင့်။

ပစ္စုပ္ပန်အဆိုအရ
ဒေလောက်ခူးခြီပစ်စရာလိုလို့လား
ရုပ်ကြိုးပြတ်ဘုံတခုထဲ အခြားကမ္ဘာတခုဟိရေ။

တယောက်ကိုတယောက်မှီ
တယောက်ကိုတယောက် ပြုံးပြနိူင်ဖို့
မှောက်မှားကံဗျာပါဒအတိနန့် မာယာရီမိုးသားထက်
အင်အာတိုးအလွမ်းမီးတောက်တိ လွန်လွန်ကျူးကျူး
လက်တင်ဖတ်မရသော နိယာမကစပ်ကွက်မာ
ငါရို့တိ
က ကုန် သည် တိလား ချစ်သူ။

ဒေသစံချိန်ငှ အမြင့်ဆုံးလက်တံနံရိုးတချောင်းထဲ
တခန်းတနားအိပ်မက်ပျို့မျှော်ကမ်းမာ နိကိုအရီလုပ်ခြုပ်ဝတ်
သာမိုမီတာတချောင်းနန့် ညည့်ကိုအပူးတိုင်းကြည့်ခါ
ဒဏ်ရာတိအံ့ဩကောင်းထမန်း ပုံထပ်နီကတ်တေ။

ဒေရင်ခွင်စောင့်ကာလတိ
ပန်သူမ္ဘီးမြဖို့ သင်းရနံ့တဖေ့ချေလောက်ကြဲပါ
တဖက်လမ်းအကူးသို့ မိုးနှင်းပန်းရို့ခမျာ
ရာသီအိုတေးသားနန့် ဆန်းသစ်နုပျိုလို့
လောကကို လက်ညှိုးထောင်ပြရေ
ပုံသဏ္ဍာန်အတိုင်း ပိတ်ဆို့မှုများနီစွာ
ငါပါ . . . ချစ်သူ။

ယုယဖို့အထင်နန့်
အနီးကပ်မိတ်ဖွဲ့ခ သူငယ်ချင်းတယောက်ပိုင်
ကပ် ချန် ထားစရာမလိုအောင် ပါစွာကိုပီးစွန့်ဝံ့ရေ
အရင်းအနှီးတိ
အမြစ်ကိုပြန်ဖို့ဖို့ ပြန်မလာနိုင်ကြောင်း
အင်အားသုံးလက်တို့ခ
ဒေတကြိမ်လေ့ ဥဩတကောင်ပိုင်
မြည်တမ်းနီခယင့်။

ယေကေလေ့ ချစ်သူ . . .
နှစ်သစ်ကိုကြိုဖို့ အဝီးကိုဖမ်းဆုပ်ခနံပါတ်ဆက်ကာယတိ
လက်ခုပ်သံမပါပဲ ပြုတ်ကျပါလတ်ခါ
တန်းဝင်လား ငါ့ အလွမ်းများစွာ

## မော်ဒန်အနုပညာဖန်တီးမှု

ဖိကြွရုန်းထသော ဆွေးရိပ်ထင်စက္ကူကိုယ်အိမ်မာ
တာကျိုးအင်းတိ ထိုးကန်းဆန်ခရေ
သတိလုံနားချဖို့ ကိုယ့်ကို ကိုယ် ပြန်စမ်းကြည့်လိုက်တော
ငါစွာ
ငါမဟုတ်တောပိုင် အစွပ်ပျောက်သီဝရီထဲ
လမ်းထွင်ယင်း လမ်းမွိလို့ကောင်းနီတုန်း။ ။။

ဝံသ
၉,၇,၂၀၁၆

## မိသားစု

နဂါးငေါင်းမြောက်ဖက်ကိုလှည့်လားရေအခိုက်အတန့်တခုထဲ
မျိုးနွယ်စိုင်မလိုက်သော အမွီစားအမွီခံတိ
ငါ့ကိုယ်မာ လာ လာအက်လို့
ပင် သီ အို တပေါင်းနန့် သရုပ်ကိုပန်းဖော်ကြည့်လိုက်ခါ
ကျပ်လိုက်တေ တိုးမရှိ။

ရမှတ်ပါး တနီရာခြီကုတ်လို့ ရဲရဲဆန့်ကြည့်ရေ
အခန်းထရံက ကိုယ်တုံးလုံးကျွတ်စိတ်စွာ
လိပ်ကန်ဖာမင့ ဘုရင်ဆိုလေ့ ဖြစ်တေ။

ဓာတ်တောက်တလက်ထဲ ပါဝါများများထည့်စရာလိုရခြင်း
အကြောင်းတရားလား
နှီသောက်ရှက်ဝါအဆာပြေမုံ့ပြဖို့ ဖဝါးတကျွန်းကို
အညှိတိုးကြည့်တိုင်း
သုံးရာသီလုံး ဒေသံပတ်အလင်းသစ်ထဲ ရယ်မပြနိုင်တတ်သိ။

အသွိခြောက်ဆုံးတနီရာခန့်တွိနိုးနန့် မိုးမျှော်ကြည့်ဖြစ်ခ
ဆောင်းဝတ်မပါသော အကျက်ဖုပ်ပြပွဲမာ
ဘုရားစင်းနားကအမိဓာတ်ပုံ၊
ရုပ်ဟိသလောက်နာမ်မပါသော ဖုန်းထဲကအဘာ
ဘယ်ဖက်ထောင့်စားပွဲထက် သူ့ဓာတ်ပုံအပါအဝင်
သူရို့တိအားလုံးစွာ အကျွန်ကြည့်လိုက်တိုင်း
အပြုံးတိ မှုန်ဝါးလိုက်တေနှန်း။

(၂)

လက်ဆုပ်ဖို့အာမခံချက်နန့်
အိပ်မက်ပုံရိပ်ကို ဇီဝတလုံးထိုးထည့်
အလိုလို သူ့ကြောင့်နန့်သူ ငန်နီရေဒေပင်လယ်ထဲ
အသွီးအသားဆုတ်ခမ်းနီရေ ပုံစံတစ်ဆယ်စွာ
လှမ်းမြဲတိုင်းကပ်ပါ
စီးကြမ်းသမျှ ချိုမင်္ဂလာက မရဏဂီတနန့်ပျော်လို့။

ခြီချပ်တိုက်ဆင်းလားရေဖဝါးထက် ရာဇသံတိ
ကျင်ကွင်းလို့အကောင်းဆုံးပ
လုပ်တဖွဲ့စာကန်ငြင်းသော အာဟာရကမ်းထောင့်မာ
ပတ်ပတ်ခြီအူတပုံကလွဲကေ
ကုလားသုံးကောင်နန့် စစ်ခင်းရေပွဲမာ
ဂျိုကာက လူညံ့ပါ။

ယင်းပိုင်

နိတိအလိုအရ
သင်္ဂါရတံဆိပ်ခတ်ရှင်သန်ခြင်းတိ မိုနာလီဇာကိုမသိ

ညက စိတ်အထီးကျန်မှုကို DiGi,၁၀ နန့်
ဖွင့်ချကြည့်လိုက်တေ
နီ နီ ည ည ဇရာနန့်အားပြိုင်သော ၇၃ မှတ်တိုင်က
ပြန်းခနဲ အချိန်ကိုက်ဖောက်ခွဲပစ်တေ ဗုံးမာ
နင့်ကို ကကောင်းမြင်ချင်ရေ၊ နင့်ကို ကကောင်းမွတ်တေ
ငါ့ရောဂါအတွက် နင်စွာ ဆီးစွမ်းတခွက်လတ်။

(၃)

သျှစ်နှစ်နန့် ငါးလ လတ်
ကိုကတော့ခါ တနားချေပိုင်တွိလိုက်တေ။

ဟောင်းဆွီးလားအတိတ်ကို Update လုပ်ကြည့်ရေ
လာတုန်းက သာလိကာမျိုးတိ မပီကလာပီကလာနန့်
ဇာဖက်ကကြည့်ကြည့်
လောကစွာ သူရို့အတွက် လှပနီရေ အရွယ်
အသစ်ထည့် အဟောင်းကိုစွန့်ယင်း
ထော . . . ဒေဂုတော့
လင်နန့် သားနန့်
စလည်ဝင်အိုး နှုတ်ဆက်လိုက်ပုံက
အပုချေတောင် ဝချေတန်းတက်နီယာ ခင်ခင်လတ်။

ဟုတ်လီဖို့
ဘဝဆိုစွာ ကိုခြီရာဖွင့်ကြည့်လို့ရရေ သေတ္တာပျက်တလုံး
ကိုကတော့ ဒုလ္လဘကမ်းထောင့်မာ လပြည့်ဖြားကိုမျှော်လို့
လုံးလုံးကွဲ နောက်ပိုင်းမစီးရေ ဒေဇာတ်စွာ

**မော်ဒန်အနုပညာဖန်တီးမှု**

ကြက်တွန်သံကို အားနာပါလတ်တေ
ငယ်ရာကကြီးလာရေစကြာဝဠာမာ ပရဆီးတိဟိပါလား
အသျှင်ဘုရင်မင်းထီး စည်းကမ်းကိုဖောက်ဖျက်ခွင့်ပီးပါ
အကျွန့်မိသားစု တူ မြီး အမည်နာမကို
နန်းတိုင်မာ ထုံးတို့မှတ်ချင်လို့။

ဟုတ်တေ
ဒေနိစ္စာ ညကနန့်မတူ
သီချာယောင်စိခြုပ်ကေ အာဟာရခံတွင်းမာ
ဇာသတ္တဝါက ဥပုသ်စောင့်လို့လေး
ထော . . .
ဒုတိယမ္ဗိ ပူပူလောင်လောင် ဖုန်းတကြောဝင်လာရေ
နင့်တူ သုံးကျပ်နန့် တင်တောင်းလားရေလတ်
ယင်းပိုင်နန့်
ကိုယ့်ကိုကိုယ် ပြန်ကြည့်ခါ
အလောဘ အဒေါသ အမောဟ အ . . .
. . . . . . . .
. . . . . . . . . . . . . . .။

(၄)

ဆင်းရဲမွဲတည်မှုတိ တဟောင်ဟောင်နံ့ယစ်နီရေ ၁၁/က
နံရိုးသုံးဆယ့်ခြောက်ချောင်း တဒင်္ဂခွဲထွက်ကြည့်လိုက်တေ
လမ်းမီးများ
မြို့မီးများ

မာကျူရီဖန်သားအတိနန့် ဆိန်းကြိုလိုက်ပုံက
ဘာသာမတူ အယူအဆကွဲပြား
နိနန့်ညည့် မှားကတ်တေအဖြစ်။

ကြာလာစွာနန့်အမျှ သူရို့အနံ့ကို ကိုမယစ်
ကိုယ့်အနံ့ကို သူရို့ယစ်မူးပါလတ်တေ
မင်းအိုင်စီနန့်လား မင်းဒေနိုင်ငံသားမဟုတ်လား
မင်းဘာသာစကား ကကောင်းပီရေလတ်
နှီကြိုဥသြတကောင် တခါတခါ အိမ်လွမ်းစိတ်ကလွဲကေ
အရာအားလုံး အဆင်ပြေပါရေ အမင်။

ကိုယ့်အတောင်ကို ကိုယ်ဖြန့်ဖို့
ရိုးမမာမြီတကွက် မဝယ်ဖူးချင်ရေအကောင်
ကိုယ့်တရားကိုကိုယ်ကျင့်လို့ ဝတီနံရိုးကို
ကမ္ပည်းထိုးချင်ရေအကောင်
ကိုယ့်ဘဝကို ခွဲစိပ်ယင်း အာရက္ခမာ
ဆီးသမားဟိချင်ရေအကောင်
နိ ည အရာအားလုံး အဆင်ပြေရုံးကလွဲကေ
ထမင်းစားချိန် အမိလက်ရာကို ဖြိုးမြင်မိရေကောင်လေ။

ဘုရားဟောတရားမာ လိုချင်တတ်မက်ခြင်းသည်
တဏှာပါလတ်
ယင်းပိုင်ပင်
အကျွန်လေ့ တဏှာ‌‌ေ သားကောင်ဖြစ်လို့
ကိုယ့်အသိုက်ကို လုံချုံချင်မိခါ
ကာလဇာလောက်ဝီးဝီး သံစည်နန့်ရောပို့သော

အမိအသံကြောင့်
၁၁ မီးငြိမ်းရေလို့ ဆိုလောက်တေ
တန်ပြန်သက်ရောက်မှု မပီးနိုင်သိခင်အထိတော့ခါ
ငယ်ခြီရာကို ပြန်မနင်းပါကေ့လို့ ဆုတောင်းမိရုံမှတပါး။

(၅)

ယင်းပိုင်ပါပျာယေ
တစက်စက်ဆိုးငင်သော ကြယ်စုံလစုံထမင်းဝိုင်းတခု လိုအင်
က
သုဘရာဇာတခင်းနန့် နှုတ်ခွမ်းထက်တည့်သောက်သော
သူ့အငွိလေ့ မချို။

တလံလောက်ဆန့်ကြည့်ရေ စိတ်စွမ်းအားမာ
ရယ်သံကွဲ ရာသီမျှော်လုပ်သားတိ
ဆီလိုကေဆီ ရီလိုကေရီ ဖြည့်စွက်ခသမျှ
နှီက တခမ်းတနား ကြိုလို့
တနွယ်လစ်ဖြောင့်ချက်ရို့ခမျာ
မောဟနန့် ရင့်ကျက်နီလိုက်တေ။

ထွင်ကြည့်လိုက်မေဆိုရေ ရဲစွန့်သတ္တိက
ကံ ကံငှလားရာ ယူဇနာမိုင်တဆုံးလား
ဆိုပါဖိ
ဟင်းခတ်မွှီးယောက်မတလက်ကို
တောပေါက်ဖက်သံစိုင်ထဲ ရှာမတွိဖြစ်တေခါ

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး

အရှိလီလေ့ ကြမ်းရေ၊ အနောက်လီလေ့ချမ်းရေ
ဆောင်းမလာဖြစ်ရပ်ထဲ
အပါးလိုလို့ အဝီးကိုချဲ့ထွင်ပစ်လိုက်စွာ
ဒဏ်ရာဆုပ်ပက္ခဒိန်အချို့ ပုံလို့ ထပ်လို့။

သူမတူယောင်ကြမ်းချက်တိ
အမှန်ပင် အနက်မှားညည့်ခိုရိပ်ထဲ
ကညာပျိုစီးသကြစ်ကို ပင်လယ်လီသန့်သန့်ထဲ
ဖောက်ချကြည့်လိုက်တေ
အာဟာရဆက်ကြိုးများ ခိုင်မာနိုင်ရုံကလွဲကေ
ရုပ်လောကထဲ အကျွန့်ရထား သံသရာမစိသိယေ။ ။

ဝံသ
၈၊ ၆၊ ၂၀၁၆

## မော်ဒန်အနုပညာဖန်တီးမှု

### ဒေါင်းရာဇဝင်တဖက်က ၁၁/ငါ

ကိုယ်တုံးလုံးတွေးခေါ် ပုံနန့်ယှဉ်ကေ
သွီးနန့်တည့်ဖို့ဆိုကေတောင် အာဟာရမဖြစ်လို့မစားပါ
တစုံတရာပစ်မှတ်ငှ့ အလယ်ဗဟိုချက်မမာ
အဘာမျှော်နီရေ။

အပေါက်တိုင်းလိုက်ဆို့ရဖို့ မင်းနန့်ငါ ဒေလမ်း
တနီသတ်ချီးမနံဆိုစွာ ယုံတမ်းစကားလား
အဘာနန့်အမင်သွီးတစက်က မျိုးဥတည်လှာရေ
ငါစွာ
သူခိုးကို ဓားရိုးကမ်းဖို့ လူ့အရီကို ဝံ့ပုလွီအဖြစ်မဆောင်း။

စိတ်တြနက္ခတ်အရ ညကျကေပွဲတော်တင်အုံးမေ
ဘဂ်လား ၊ပါပလား၊ပုတ္တိလား ခွဲခွဲခြားခြားသိဖို့
လိုအပ် မလိုအပ်
အဿပြာဆို့ပါးစနန့် မင်းမျက်နှာယင်အုံလို့ခြီလိုက်တေ
ခေတ်စွာ
ပျားခွတ်လို့အချိုမထွက်တေ ဒေါင်းကလူတောတိုးရေခေတ်

မိုင်ခရိုစကုပ်နန့် ပါဝါတလက်လောက်ငှားပါ
အဝီးမှုတိအတွက် ကုသိုလ်ဒါနပြုလိုက်ဖို့။

ဒေခရီးအချိုးမပြေခြင်းတိမျာ့းနီယာ
သပုံဟိယင့် အာပုပ်နန့်ကို ဆပ်ပြာနန့်တိုးကတ်
ချူးတန်ပိုင် တွေးခေါ်နိုင်ဖို့အတွက်လား
ထားပါဖိ
ယတြာအရ
ဒေါင်းသည်းခြီနန့်မာန်းမှုတ်ချင်ကတ်တေ ဆိုယင့်
ကြားလို့ကား ကောင်းကတ်ပါယင့်လား လူရို့လေ။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲကိုဖိတ်ဖို့ပ အဆွိုင့်ငှက်
ကာလကောက်ကြောင်းက အမျာ့းဆိုင် နာမ်တည်ဝတ်မုံထဲ
အခြောက်တိုက်လှမ်း နှင်းကောက်လို့ မိုးမစွတ်ပတ်စီ
ငါ့ရင်ဘတ်နန့် ငါ့ဒေသနာကို ၁၁/မာ
ရွှတ် ဆို လို့ နီပါမေ ရိုးမ။ ။။

ဝံသ
၁၇,ဂျွန်,၂၀၁၆

## ကဗျာ . . .!!

ကဗျာဆရာဆိုစွာ
        ကဗျာဆရာဆိုစွာ
                 က
                        ဗျာ
                                ဆ
                                        ရာ
ဆိုစွာ
        မြှားချွန်ရင်ဘတ်နန့်
                        တမလွန်ထိ
                                ရှင်သန်နိုင်သော သူ . . .။

Wa- Tha {Arya-}

ဂန္ထဝင်ကကြိုးနန့် မော်ဒန်ကုထုံး